# ရေးလာတဲ့ပေးစာ



## သို့– သျှမ်းသံတော်ဆင့်အယ်ဒီတာ

Shan State Army ရှမ်းပြည်တပ်မတော်သားများရဲ့ဂုဏ်ရည်ကို မြှင့်တင်လိုတဲ့ဆန္ဒနဲ့ Independence သတင်းဇုံမှာ နှစ်စဉ်ပုံမှန်လိုလို ဖေါ်ပြထားတာမြင်တွေ့ရပါတယ်။ စာစောင်မှာပါတဲ့ ဓါတ်ပုံထဲမှာ ရှမ်းပြည်တပ်မတော်ဌာနချုပ်လွယ်တိုင်းလျဲန်းမှ စစ်ရေးပြ အခမ်းအနားဝင် တပ်သားရဲမေတို့ဟာ ဦးထုပ်ရဲ့လျှာကိုလမ်းသရဲလိုလိုကွေးကောက်နေအောင် လျှာချိုးထားတာမသင့်တော်ပါဘူး။ ရှမ်းပြည်သားတစ်ဦးအနေနဲ့စစ်ရေး ဟန်ပြအခမ်းအနားဝင် ရှမ်းပြည်တပ်မ တော်တပ်သားရဲမေများကို စမတ်ကျကျယူနီဖောင်းများနဲ့ ဂုဏ်ယူဝင်ကြွားနေကြခြင်းကို မြင်တွေ့လိုတာ အမှန်ပါဘဲ။ ရှမ်းပြည်တပ်မတော်တောင်ပိုင်း မြောက်ပိုင်းအလယ်ပိုင်းအရာရှိကြီးများရဲ့ကိုယ်ဥ္ဓကလည်း စနစ်တကျသေသပ်ခန့်ညားစွာ ဦးထုပ် ဆောင်းထားကြတာပါ။ မည်သည့်သတင်းဇုံမှာဖြစ်ဖြစ် မည်သည့် ပုဂ္ဂိုလ်ကမှ စစ်ဦးထုပ်လျှာချိုးဆောင်းထားကြတာ မတွေ့ရှိမိပါဘူး။ အရာရှိအကြီးအကဲများကို စံပြထားပြီး မိမိရဲ့ဂုဏ်ရည်ကို မြှင့်တင် ကြပါလို့ အခမ်းအနားဝင်ဟန်ရေးပြ ရှမ်းပြည်တပ်မတော်သား များအားလုံးကို Independence သတင်းစဉ်မှ တောင်းဆိုရင် ဗမာနဲ့ အာဏာရူးဗမာစစ်သည်ကို ခွဲခြားနားလည်ပေးနိုင်ကြပါစေ။

**သျှမ်းပြည်ပေါက်**
**ဗမောက်တစ်ရာ**

---

## သို့–သျှမ်းသံတော်ဆင့်အယ်ဒီတာရှင့်

ကျမဟာ သျှမ်းပြည်အရှေ့ပိုင်း တာချီလိတ် မကာဟိုခမ်းရပ်ကွက် မဟာမုနိဘုရားကြီးဘေး ဖေ့ယုံးဈေးကသာမန်ဈေးသည် တဦးပါ။နိုင်ငံရေးဘာမှနားမလည်ပါဘူး။ မိသားစုအရေးနဲ့ပတ်သက်လာလို့ စာဖတ်သူတွေသိအောင် ပြောပြပါရစေ။

ကျမသားဟာကြံ့ဖွံ့အသင်းဝင်/ခရီးသည်တင်(ကိုယ်ပိုင်)ကားမောင်းပါတယ်။ ပြီးခဲ့တဲ့ ၄–၅ နှစ် က ကြံ့ဖွံ့အသင်းထဲဝင်ရင် အခွန်အတုပ်တွေ၊ ဟိုကြေး ဒီကြေးကောက်ခံတာတွေ ကင်းလွတ်မယ်။ ကားချောလွတ်မယ်ဆိုပြီး အထက်အာဏာပိုင်တွေက အိမ်တိုင်ရာရောက်လာစည်းရုံးလို့ ကျမသားကို ကျမကိုယ်တိုင်ဝင်စေခဲ့ပါတယ်။

ကြံ့ဖွံ့အသင်းထဲလဲဝင်ရော အာဏာပိုင်တွေခိုင်းသမျှ လိုက်လုပ်ပေးရတော့တာဘဲ။ ပြန်ထွက်ချင်လဲ မရဘူး။

စစ်အာဏာပိုင်တွေ တရားဝင်ထုတ်ပြန်ကြေငြာတဲ့ မေလဆန္ဒခံယူပွဲနဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက် ကြံ့ဖွံ့အဖွဲ့ကို အဓိကအမာခံအဖြစ် လုပ်ရှားခိုင်းတော့တယ်။

ပြီးခဲ့တဲ့ပြေလကလဲ "ဆန္ဒခံယူပွဲမှာ အခြေခံဥပဒေမူကို ကန့်ကွက်မဲ ထည့်ခဲ့ရင်အခြေခံမူမှာပါတဲ့ ပြည်သူလူထုရပိုင်ခွင့်တွေဆုံးရှုံးမယ်။ စီးပွါးရေးကျပ်တည်းမှု လူမှုရေးပြဿနာတွေကို ဖြေရှင်းနိုင်မှာမဟုတ်ဘူး။ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုတာလဲ ရနိုင်မှာမဟုတ်ဘူး။ ဒီတော့ခင်ဗျားတို့သဘောထားက လက်ခံလား? လက်မခံလား?"–ဆိုပြီး တာချီလိတ်မယကအာဏာပိုင်တွေနဲ့ကြံ့ဖွံ့တွေ၊ ရပ်ကွက်လူကြီးတွေ တအိမ်တက်ဆင်း စည်းရုံးတယ် မေးမြန်းတယ်။ သူတို့စာအုပ်မှာ ရေးမှတ်သွားတယ်။

အဲဒီနောက်ပိုင်း မယကရုံးက ကြံ့ဖွံ့အဖွဲ့ကိုခေါ်ပြီး အခြေခံဥပဒေကိုထောက်ခံမဲထဲ့အောင် ကျေးလက်တောရွာတွေမှာ စည်းရုံးရေးဆင်းဖို့တာဝန်ပေးတော့တယ်။ ဒါတောင်မှ ဆန္ဒခံယူပွဲအပြီး မဲရေတွက်တဲ့အခါ ထောက်ခံမဲနည်းနေရင် ကြံ့ဖွံ့အဖွဲ့ဝင်တွေကို ကောင်းကောင်းဆုံးမမယ်လို့ခေါ် ပြောတယ် ။

စည်းရုံးရေးဆင်းတဲ့သူတွေကို အဓိကမှာလိုက်တာက အခြေခံဥပဒေမူကြမ်းအကြောင်း၊ ဆန္ဒခံယူပွဲအကြောင်း နားမလည်တဲ့ ရွာသားရှိရင် မြို့နယ်ရုံးကိုစာတင်ခိုင်းပါ။ နေပြည်တော်က တာဝန်ရှိသူတွေလာရှင်းပြပေးဖို့ပြောပေးမယ် ဆိုဘဲ။ ကဲ– ဘယ်သူက စာတင်မေးရဲမလဲ?

ဒီလောက် ဖိနှိပ်ချုပ်ခြယ်တဲ့စစ်အစိုးရကို ထောက်ခံရအခက် မထောက်ခံရအကြပ်၊ ဆန္ဒခံယူပွဲအတွက်သင်တန်း/အစည်းအဝေးဘဲ တချိန်လုံးတက်နေရလို့ အလုပ်အကိုင်ပျက်၊ ဝမ်းစာအတွက် အခက်ကြုံနေရပါတယ်ရှင်။

**ကြံ့ဖွံ့အသင်းဝင်တစ်ယောက်ရဲ့မိခင်**

# ယာယီလက်မှတ်လုပ်ပေးမည့် နအဖတိုင်းသားများ ၀ အဖွဲ့ ထိန်းသိမ်းထား

သျှမ်းပြည်အရှေ့ပိုင်း UWSA ထိန်းချုပ်နယ်မြေ မိုင်းပေါက်နှင့် NDAAထိန်းချုပ်နယ်မြေ မိုင်းယန်းသို့ လူထုဆန္ဒခံယူပွဲမဲထဲ့ခွင့်ရရေး ယာယီလက်မှတ်လုပ်ပေးရန်သွားသော နအဖအာဏာပိုင်များအား ထိန်းသိမ်းထားကြောင်း ကျိုင်းတုံသတင်းရပ်ကွက်က ဆိုပါသည်။

UWSA ထိန်းချုပ်နယ်မြေမိုင်းပေါက်နှင့် NDAA အပစ်ရပ်မိုင်းလားအဖွဲ့ အထူးဒေသ ၄(တပ်မဟာ ၃၆၉ ဌာနချုပ် ဆီလူး)ထိန်းချုပ်နယ်မြေသို့ ရောက်သွားသောနအဖစစ်အာဏာပိုင်များအားထိန်းသိမ်းထားရာမှ ပြန်မလွှတ်ပေးသေးဟုဆိုသည်။

မတ်ချ် ၂ ရက်က တြိဂံစစ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် လူဝင်မှုကြီးကြပ်ရေးဌာန ပြည်နယ်မှူးဦးမောင်မောင်ဆွေတို့က ဦးစိုင်းလင်း ဦးဆောင်သော မိုင်းလားအဖွဲ့ ထိန်းချုပ်နယ်မြေနှင့် အပစ်ရပ်ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်ထိန်းချုပ်နယ်မြေမိုင်းပေါက်သို့ ယာယီသက်သေခံလက်မှတ်လုပ်ပေးရန် (တစ်ဖွဲ့လျှင် ထောက်လှမ်းရေး၊ ခရိုင်အုပ်ချုပ်ရေး (ခယက)၊ လဝက၊ ကြက်ခြေနီ၊ အမျိုးသမီးရေးရာနှင့်စွမ်းအားရှင်၊ ရဲ၊ မီးသတ်၊ စစ်တပ်၊ ကျန်းမာရေး ၁ ယောက်စီပါဝင်သည့် ၉ ယောက်အဖွဲ့) ၉ ဖွဲ့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။







ထို ၉ ဖွဲ့သည်မိုင်းလားသို့ တစ်ဖွဲ့၊ မိုင်းယန်း–ဆီလူး တပ်မဟာ ၃၆၉ သို့ ၅ ဖွဲ့၊ တပ်မဟာ ၉၁၁ နမ့်ပန်းသို့ ၁ ဖွဲ့၊ မိုင်းပေါက်သို့ ၁ ဖွဲ့၊ ပန်ဆတ်ဇ (လားဟူရွာ) သို့ ၁ ဖွဲ့ ရောက်သွားကြသည်။

၎င်းနှင့်ပတ်သက်၍သျှမ်းသံတော်ဆင့်လက်ထောက် အယ်ဒီတာ စိုင်းစိန်ကြည်အား BBC ဦးမင်းထက်က မေးမြန်းခဲ့၏။

**သျှမ်းပြည်အထူးဒေသ ၂ နဲ့ ၄ ဝနဲ့မိုင်းလားအဖွဲ့ ဒေသထဲမှာ လူဝင်မှုကြီးကြပ်ရေးနဲ့အရာရှိတွေပါတဲ့ အဖွဲ့ဝင်တွေကို သျှမ်းနဲ့ဝတပ်တွေက ဘယ်မှာထိန်းသိမ်းထားသလဲ?**

*ကျိုင်းတုံ အရှေ့မြောက်ဘက်မှာရှိတဲ့မိုင်းယန်းမြို့နယ် တပ်မဟာ ၃၆၉ ဌာနချုပ် ဆီလူး TV Relay Station ဝင်းထဲမှာထိန်းချုပ်ထားတယ်။မိုင်းယန်းကနေ ဆန်၊ ဆီ၊ ဆားအကြွေးနဲ့ ယူစားနေတာအခု တစ်လတောင် ပြည့်တော့မယ်။*

**နအဖဘက် တာဝန်နဲ့လာတဲ့လူတွေကို ထိန်းသိမ်းထားတယ်ဆိုတော့ နအဖဘက်က ပြန်တောင်းတာတွေ၊ ဝဘက်ကဖိအားပေးတာတွေ ဘာတွေမကြားဘူးလား?**

*တိုင်းအဆင့်ကနေပြီးတော့ ပန်ဆန်း၊ မိုင်းလားအဆင့်လူကြီးတွေ အချင်းချင်းဆက်သွယ်ပြီးတော့ ဆွေးနွေးညှိနှိုင်းကြတယ်လို့ တော့ပြောတယ်။ သူတို့ကို ကျဉ်းထဲကျပ်ထဲထားတဲ့ ပုံတော့မဟုတ်ပါဘူး။ အကျယ်ချုပ်ပုံစံပေ့ါ။*

**ယာယီသက်သေခံကဒ်ပြားရရင် လူထုဘက်က မဲပေးခွင့်ရမယ်။ မဲပေးခွင့်တောင်ရမယ်ဆိုတော့ ယာယီကဒ်ပြား မလိုချင်ဘူးလား? မဲပေးခွင့်မလိုချင်ဘူးလား?**

*လိုချင်တယ်။ ဒါပေမဲ့အချက် ၂ ချက်ရှိတယ်။ (၁) ကဒ်ထဲမှာလိပ်စာထဲ့ရင် မိုင်းလားမြို့နယ်လိပ်စာထဲ့စေချင်တယ်။ မိုင်းယန်းမြို့နယ်မထဲ့စေချင်ဘူး။ ဥပမာ မိုင်းပေါက်မြို့နယ် မိုင်းဖဲန်ဆိုရင် ဝ တပ်ဖွဲ့စည်းအုပ်ချုပ်ပုံအရ ပန်ဆန်းလက်အောက်မှာရှိတယ်။ ဆီလူးကလဲ မဆလခေတ်က မိုင်းယန်းမြို့နယ်ထဲမှာရှိပေမဲ့ အဲဒါကိုမိုင်းလားအပစ်ရပ်အထူးဒေသ ၄ အဖွဲ့ကတော့ မိုင်းလားမြို့နယ်ထဲမှာထဲ့စေချင်တယ်။ နအဖအခြေခံဥပဒေသစ်ထဲမှာ သူတို့ရဲ့ကိုယ်ပိုင်အုပ်ချုပ်ရေး ခရိုင်တို့၊ တိုင်းတို့အဆင့်ဖြစ်သွားမှာကိုး၊ နောက်ပြီး တော့ ကဒ်ပြားထုတ်ပေးပြီး ဆန္ဒခံယူပွဲ မှာထောက်ခံမဲပေးရမယ်။ ကန့်ကွက်မဲမလုပ်နဲ့ အဲဒါတွေသွားပြောဖို့မလိုဘူးပေ့ါ။*

**အရင်ကUWSA ကလည်း ညီလာခံမှာတက်ခဲ့တယ် ဆိုတော့ ဘယ်နယ်မြေကို ဘယ်လိုသတ်မှတ်တယ်ဆိုတာ ကျေကျေ လည်လည် မဆွေးနွေးခဲ့ဘူးလား?**

**စာမျက်နှာ (28) သို့**

# ဆန္ဒခံယူပွဲ၌ မဲပြားပေါ် ထောက်ခံအမှန်ခြစ်နည်း

# နအဖ အာဏာပိုင်များသင်ပေး

ယခုလ ၆ ရက်က သျှမ်းပြည်အရှေ့ပိုင်း မြို့နယ်အချို့၌ ရပ်ကွက်၊ အုပ်စုဥက္ကဋ္ဌများရွာသူကြီးများအား တစ်ချက်တည်းမဲခြစ်နည်းကို နအဖအာဏာပိုင်များ သင်ကြားပြသပေးသည့် သင်တန်းတစ်ရပ် တာချီလိတ်မြို့တွင်ကျင်းပရာ ဆင့်ခေါ်ခံရသူ အယောက် ၂၀၀ ခန့်တက်ရောက်ကြသည်ဟု နယ်စပ်သတင်းရပ်ကွက်က ဆိုပါ သည်။

ကျိုင်းတုံတွင်လည်း ၂ ပါတ် ၁ ခါဆန္ဒခံယူပွဲနှင့်ပတ်သက်သည့် အစည်းအဝေးဆင့်ခေါ် နေကြောင်း၊ မတ်ချ်လဆန်းမှစ၍ ယခုချိန်အထိ အစည်းအဝေး ၃ ခါ ကျင်းပခဲ့ပြီး လာမည့် ၁၀ ရက်နေ့၌လည်း ထပ်မံဆင့်ခေါ်ဦးမည်ဖြစ်ကြောင်း တာချီလိတ် ဒေသခံတစ်ဦးကပြော၏။

ဆန္ဒခံယူပွဲစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း စာအုပ်များကိုမြို့နယ်ခွဲ၊ ရပ်ကွက်၊ ကျေးရွာများသို့ လကုန်ပိုင်း၌ အနည်းငယ်ဝေငှခဲ့သော်လည်း မတ်ချ် ၆ ရက်ကျမှ တာချီလိတ်မြို့တော်ခန်းမ၌ အစည်းအဝေးထပ်မံ ဆင့်ခေါ် ခြင်းဖြစ်သည်ဟု ဆို၏။

"မယက၊ ခယက၊ ထွေအုပ်တို့က အဖွင့်အပိတ် မိန့်ခွန်းလာပေးတာ။ တစ်ချက်တည်း မျဉ်းရှည်ခြစ်တဲ့နည်းဘဲ ခြစ်ကျင့်ခိုင်းတယ်။ အမှန်လက္ခဏာလေ" ဟု တာချီလိတ်ဒေသခံတစ်ဦးကပြောပြ၏။

မဲထဲ့ရမည့် ရက်အတိအကျမပြောသေးသော်လည်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အချိန်သတ်မှတ်သည်ဟု ပြောကြောင်း ဆန္ဒခံယူပွဲကော်မရှင်အဖွဲ့ခွဲ၊ တစ်ဖွဲ့ ၁၀ ယောက်ကို လည်းဖွဲ့ခိုင်းကြောင်း ၎င်းကပြောပြ၏။

"ရပ်ကွက်၊ အုပ်စုဥက္ကဋ္ဌတစ်ယောက်ရဲ့အောက်မှာ လုံခြုံရေးတာဝန် ၃ ယောက်၊ အိမ်ထောင်စုစာရင်း/သက်သေခံကတ်ပြားစစ်ဆေးရေးနဲ့ မဲပြားဝေငှရေး ၃ ယောက်၊ ထောက်ခံ/ကန့်ကွက်လက်မှတ်ရေးခြစ်ကြည့်ရှုလမ်းညွှန်သူ ၃ ယောက် စုစုပေါင်းတစ်ဖွဲ့ ၁၀ ယောက်ဖွဲ့ပေးတယ်။ ရပ်ကွက်/အုပ်စု မဲရုံတရုံစာအတွက် ပေါ့။ ဒီ ၁၀ ယောက်ကို ဦးဆောင်သူကနအဖ အမာခံလူတွေဖြစ် ချင်ဖြစ်မယ်၊ ရွာသူကြီး တွေလဲဖြစ်ချင်ဖြစ်မယ်၊ သိတဲ့အတိုင်းဘဲ အများစုကတော့ ကြံ့ဖွံ့/ ရဲဘော်ဟောင်း/ စွမ်းအားရှင်တွေပေါ့ " ဟု ဆို၏။

သင်တန်းတက်ရောက်သူတစ်ဦးကလည်း–"မဲရုံထဲဝင်တာနဲ့စာရင်းစစ်ဆေးရေး/ အမှတ်ပေး မဲပြားဝေငှရေးအဖွဲ့ဆီသွားရမယ်၊ ပြီးရင် မဲပြားစစ်ဆေးတဲ့အဖွဲ့ဆီသွားရမယ်၊ မအူမလည်ရွာသားဆိုရင် သူတို့ရှေ့မှာတင် မဲထောက်ခံအမှန်ခြစ်ခိုင်းမယ်။မခြစ်တတ်ရင်သူတို့ခြစ်ပေးမယ်တဲ့။ ကန့်ကွက်သူ/အမှားခြစ်မဲ့သူ/ အမှန်ခြစ်ဖို့ ငြင်းတဲ့သူတွေကို (၁) ဝတ္တရားနှောင့်ယှက်မှု (၂) လူထုဆန္ဒခံယူပွဲ ဆန့်ကျင်ကန့်ကွက်မှုနဲ့ အရေးယူမယ်–တဲ့။ ဒါပြီးရင်ခြစ်ပြီးသား မဲပြားစစ်ဆေးတဲ့နောက်တစ်ဖွဲ့ ဆီထပ်သွားပြရတယ်။ ဒီနောက်ဆုံးအဖွဲ့က"အိုကေ မဲထဲ့လို့ရပြီ"ဆိုမှ မဲပုံးထဲသွားထဲ့ရ မယ်–တဲ့။ စည်းမျဉ်းစည်းကမ်းထဲမှာတော့ လျှို့ဝှက်မဲပေးစနစ်လို့ သာရေးထားတာ။ လက်တွေ့ကျတော့ ကိုယ့်ဟာကိုလွတ်လွတ်လပ်လပ်မရွေးနိုင်ဘူး" ဟုရှင်းပြသည်။

သျှမ်းပြည်မြောက်ပိုင်းမူဆယ် နမ့်ခမ်းမှလာသောသတင်းများအရ လူဦးရေ ၁၀၀၀ အထိ မဲပုံး ၁ ပုံး၊ ၁၀၀၀ နှင့် ၂၀၀၀ ကြား မဲပုံး ၂ ပုံး၊ ၂၀၀၀ နှင့် ၃၀၀၀ ကြား မဲပုံး ၃ ပုံးထားပေးမည်ဟုဆိုသော်လည်း တာချီလိတ်၌မူ လူဦးရေ ၃၀၀၀ အတွက် မဲရုံတစ်ရုံထားပေးမည်ဟုဆို၏။

ပြီးခဲ့သည့် မတ်ချ်လဆန်းပိုင်းကတည်းကပင် သျှမ်းပြည်အရှေ့ပိုင်း၌ တစ်သုတ်လျှင် နအဖ အမာခံအယောက် ၃၀ နှင့် ၅၀ ခန့်ရွေးချယ်ပြီး နေပြည်တော်သို့အလှည့်ကျ သင်တန်းစေလွှတ်ခဲ့သည်ဟု သင်တန်းသွားတက်ခဲ့ရသူနှင့် အမျိုးတော်စပ်သူတစ်ဦးကပြောပြ၏။

"နေပြည်တော်မှာ တည်းခိုစရာအိမ် အပုံစားပေးထားတယ်တဲ့။ ကားတစ်ယောက်တစ်စီး၊ ဒရိုင်ဘာပေးထားတယ်။ ခရီးစားရိတ်တစ်ယောက်/တစ်ရက် တစ်သောင်းကျပ်ပေးတယ်–ဆိုဘဲ" ဟုပြော၏။

၎င်းက "နေပြည်တော်ကိုရက်ပိုင်းအတွင်း ရောက်သွားတာနဲ့ သူတို့ဖုန်းပြန်ဆက်လာတယ်။ ဌာနအလိုက်၊ ရပ်ကွက်ကျေးရွာအလိုက်ပေါ့။ ဆန္ဒခံယူပွဲမှာ ထောက်ခံမဲတွေထဲ့ခိုင်းကြပါ။ထောက်ခံမဲထဲ့အောင် ရွာသားတွေကို စည်းရုံးပေးပါ။ အမှန်ခြစ် များများကျင့်ခိုင်းပါ။ ကန့်ကွက်မဲထဲ့ရင် ပြဿနာ ပြီးနိုင်မှာမဟုတ်ဘူး၊ ပြဿနာရှိ နေရင် စစ်တပ်အုပ်ချုပ်ရေးက ဆက်ရှိနေဦးမှာဘဲ–တဲ့ " ဟု ဆက်ပြောပြသည်။

အဆိုပါသင်တန်းနှင့်ပတ်သက်၍ တာချီလိတ်ရပ်မိရပ်ဖတစ်ဦးက "ဘာဘဲဖြစ်ဖြစ်စစ်အုပ်စုက ဇွတ်တရွတ်နည်းနဲ့အနိုင်ယူမှာသေချာတယ်။ မဲရေတွက်တဲ့အခါ မဲပေးလူထုရှေ့မှာ ရေတွက်ပြမယ်လို့ပြောထားပေမဲ့ လူထုကိုအနီးကပ်ပေးမဝင်ဘူးလို့ အမိန့်ထုတ်ထားတော့ သူတို့ လိမ်ချင်သလောက်လိမ်တော့မှာပေါ့" ဟု သုံးသပ် ပြောဆို ပါသည်။

ကျိုင်းတုံမြို့တွင်လည်းမဲပေးပိုင်ခွင့်ရှိသူအားလုံးထောက်ခံမဲထဲ့ကြရန်၊ အမှန်ခြစ်နည်းသင်တန်းကို ပြီးခဲ့သည့် မတ်ချ်လဆန်းမှစ၍ ၂ ပါတ်တစ်ခါဆင့်ခေါ် သင်ပြရာ ဧပြီလ ၁၀ ရက်၌လည်း ထပ်မံ

စာမျက်နှာ (28) သို့

# နအဖ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဒါတွေပါတယ်

- စစ်တပ်အကြီးအကဲ(သို့မဟုတ်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးပိုင်ဆိုင်ထားပြီး မိမိစိတ်ကြိုက် ညွှန်ကြားခွင့်ရှိသည်။
- ကာကွယ်ရေးဦးစီးချုပ်ဟာ စစ်တပ်အင်အားတိုးချဲ့မှု၊ ရာထူးအပြောင်းအလဲ၊ စစ်တပ်နေရာချထားမှု၊ စစ်တပ်အတွက် နှစ်စဉ်ကုန်ကျစရိတ် စစ်လက်နက်ဝယ်ယူမှု၊ စစ်တပ်ပိုင် စီးပွါးရေးလုပ်ငန်းများကို စိတ်ကြိုက်စီမံခွင့်ရှိသည်။
- သမ္မတနှင့် ဒုသမ္မတဖြစ်ရန်အတွက် သတ်မှတ်ထားသည့် အရည်အချင်းများတွင် .....

  (က) လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရန်မလိုပါ။

  (ခ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွါးရေးနှင့် စစ်ရေးဆိုင်ရာ ရင်းနှီးကျွမ်းကျင်သူ ဖြစ်ရမည်။

  (ဂ) အနည်းဆုံး အသက် ၄၅ နှစ်ရှိရမည်။ နိုင်ငံအတွင်း အနည်းဆုံး အနှစ် ၂၀ တဆက်တည်းနေထိုင်သူဖြစ်ရမည်။
- လွှတ်တော်အသီးသီးတွင် ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်ပေးသော တပ်မတောသားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်ရမည်။
- ကာကွယ်ရေးဦးစီးချုပ်ကသာ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာ ကာကွယ်ရေးနှင့် လုံခြုံရေးဝန်ကြီးတို့ကို ရွေးချယ်နိုင်သည်။
- အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင် စစ်ဘက်ပုဂ္ဂိုလ်များလွှမ်းမိုးထားသည်။
- မည်သည့်လွှတ်တော်၏ သဘောတူညီချက်ကိုမှ ရယူရန်မလိုဘဲ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အကြံပြုချက်ဖြင့်သာ နိုင်ငံတော်သမ္မတက ကာကွယ်ရေးဦးစီးချုပ်ကို ခန့်ထားရခြင်း၊ လွှတ်ငြိမ်းချမ်းသာပေးခြင်းတို့ ပြုလုပ်ရသည်။
- ပြည်နယ်/တိုင်းဝန်ကြီးချုပ် (Chief Ministers) များကို နိုင်ငံတော်သမ္မတ စာရင်းတင်သွင်း (Nominate) ပြီး သက်ဆိုင်ရာ လွှတ်တော် အသီးသီး၏ သဘောတူညီချက်ကိုရယူကာ နိုင်ငံတော်သမ္မတက ခန့်အပ်ပေးရန်မူချမှတ်ထားသည်။
- ပြည်နယ်/တိုင်း ဝန်ကြီးဌာနများကို တည်ထောင်ခွင့်နှင့် ဝန်ကြီးများ ခန့်အပ်ပိုင်ခွင့်ကိုလည်း သမ္မတကိုပင် အာဏာအပ်နှင်းထားပါသည်။
- လွှတ်တော်ကိုယ်စားလှယ် ၁၃၃ ဦး လက်မှတ်ရေးထိုး အဆိုပြုတင်ပြမှသာ ဖွဲ့စည်းပုံကို ပြင်ဆင်ခွင့်အတွက် ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးနိုင်မည်။

၂၀၀၈ မတ်ချ်လထုတ် မဇ္ဈိမသတင်းဂျာနယ် အချပ်ပိုမှကူးယူဖော်ပြသည်။ ❑

စာမျက်နှာ (26) မှ

*ကျေကျေလည်လည်ဆွေးနွေးတယ်ဆိုတာ ကျနော်တို့ တစ်ခါမှမကြားဖူးသေးဘူး။ အဖြူရောင်ယာယီလက်မှတ်ထဲမှာတောင် ရေးထားသေးတယ်။* ***ဤကတ်ပြားဖြင့် မည်သည့်နိုင်ငံသားဟု သက်သေခံခြင်း အလျဉ်းမဖြစ်စေရ ဆိုတာလေ။*** *ဒါကိုကြည့်ရင် မှတ်ပုံတင်အစစ်ရဖို့က မခိုင်လုံဘူး။ ဆန္ဒခံယူပွဲပြီးသွားရင် တကယ့်စစ်မှန်တဲ့ မှတ်ပုံတင်လဲပေးမယ်ဆိုတာ မရှိဘူးလေ။*

**အခု နောက်ဆုံး UWSA က ဘယ်လိုသဘောထားတွေ ထုတ်ပြန်ထားပါသလဲ?**

*သူတို့ရဲ့ယေဘုယျသဘောထားက နအဖအခြေခံဥပဒေဆိုရင်မထောက်ခံဘူး။ လက်မခံဘူးပေ့ါ။ ဒါပေမဲ့တရားဝင်ထုတ် ပြန်တာတော့ မရှိသေးဘူး။*

ယာယီလက်မှတ်လုပ်ပေးမည့် နအဖဝန်ထမ်းများသည် စရိတ်တစ်ရက်/တစ်ယောက် ၁၅၀၀ ကျပ်ရကြပြီး *"သက်သေခံလက်မှတ်တွေ မလုပ်ပေးရရင်ပြန်မလာနဲ့"* ဟု ၎င်းတို့၏အထက်က အမိန့် ထုတ်ထားကြောင်း၊ ယာယီမဟုတ်သောပန်းရောင်မှတ်ပုံတင် (အစစ်) လုပ်ပေးရန် မတ်ချ်လကုန်ပိုင်းအထိ ဒေသခံလူထုနှင့် အပစ်ရပ် ၀ အာ ဏာပိုင်များက နအဖ အာဏာပိုင်များနှင့် ညှိနှိုင်းဆွေးနွေးဆဲဟုဆိုပါသည်။ ❑

စာမျက်နှာ (27) မှ

ဆင့်ခေါ် ထားသည်ဟုဆို၏။ ပြီးခဲ့သည့်သင်တန်းများတွင် မြို့နယ်/ခရိုင်ဥက္ကဌများက *"အမှန်ခြစ်ကလွဲပြီး ဘာအမှတ်အသားမှ မရေးခြစ်ပါနဲ့။ ရှုပ်ရှုပ်ယှက်ယှက်လုပ်ရင်ပြဿနာကြီးနိုင်တယ်"* ဟု ပြောဆို၏။

တာချီလိတ်ရောက် ကျိုင်းတုံဒေသခံတစ်ဦးက "နအဖတို့ပြောတဲ့ရှုပ်ရှုပ်ယှက်ယှက်ဆိုတဲ့အဓိပ္ပါယ်ကိုအမှားခြစ်ကန့်ကွက်မဲလို့ ရွာသားအများစုက နားလည်ကြတယ်" ဟုပြောပြသည်။

ထို့ပြင် အိမ်ထောင်စုစာရင်းများလိုက်လံစစ်ဆေးကာ တရပ်တကျေးသို့ရောက်နေသူ အိမ်သားများ အိမ်ပြန်ခေါ်ခိုင်းကြောင်း၊ အများစုမှာထိုင်းသို့ သွားရောက်အလုပ်လုပ်နေကြသဖြင့် မိဘဆွေမျိုးများ၊ ရပ်ကွက်လူကြီးများလည်းအာဏာပိုင်တို့ထံတင်ပြရန် အချင်းချင်းညှိနှိုင်းဆွေးနွေးနေရကြောင်း အဆိုပါဒေသခံထံမှ ကြားသိရသည်။ ❑

# လွတ်လပ်သည့်ဆန္ဒခံယူပွဲဖြစ်ငြား ငြိမ်းအဖွဲ့များ စောင့်ကြည့်ဆဲ

မေလဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး လူထုဆန္ဒခံယူရာမှာ လွတ်လပ်ပြီးတရားမျှတတဲ့ ဆန္ဒခံယူပွဲမျိုးဖြစ် ဖို့နဲ့ ပြည်သူတွေက ဒီမိုကရေစီနည်းလမ်းကျ လွတ်လွတ်လပ်လပ် ဆန္ဒဖော်ပြနိုင်ဖို့လိုတယ်လို့ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) က ပြောပါတယ်။

**"စစ်ရေးနဲ့ဖြေရှင်းတာထက် နိုင်ငံရေးနည်းနဲ့ဖြေရှင်းတာက အဖြေ မှန်ရနိုင်မယ်** ၁၉၆၂ ခုနှစ်ကနေ ဒီနေ့ အထိ ဒီဗမာပြည်မှာ တရား မျှတရေး၊ တန်းတူရေးဒီမိုကရေစီရေးဆိုတာမရှိဘူး။ ပြည်ပ မှာနေတဲ့ လူတွေက အဲဒီတရားရေး၊ တန်းတူရေး၊ ဒီမိုကရေစီရေးလို ချင်တယ်။ အဲဒါမပါရင် သူတို့ကဆန့်ကျင်တယ်။ တသက်လုံး ဒီလိုသွား ကြမလား။ အပြင်မှာရှိတဲ့လူက အထဲဝင်လို့မရ၊ အထဲကလူတွေ က အပြင်မှာထွက်လို့မရ။ ဒီလိုဆိုရင် ပြည်သူ့လွတ်လပ်မှုအခြေအနေ မှာမရှိဘူး။ ၁၉၉၄ မှာဘာဖြစ်လို့ အပစ်ခတ်ရပ်စဲဆိုပြီး ငြိမ်းချမ်းရေး ယူသလဲ။ တိုက်ခိုက်မှုနဲ့ဖြေရှင်းလို့မရတဲ့အတွက်ကြောင့် နိုင်ငံရေးနဲ့ ပါဝင်ဆောင်ရွက်ဖို့ဆိုပြီးတော့ ဝင်လာတယ်။ ဒီလိုကြေညာစာတမ်းလုပ် ခြင်းဟာ တရားမျှတရေး၊ တန်းတူရေး၊ ဒီမိုကရေစီ မရှိခဲ့တဲ့ဟာကို ပူး ပေါင်းဆောင်ရွက်တဲ့အနေနဲ့ တဆင့်ချင်း လုပ်သွားဖို့" –

ထိုင်းနိုင်ငံအခြေစိုက် KIO ဒု–နိုင်ငံခြားရေးတာဝန်ခံ ဗိုလ်မှူးကြီးဂျိမ်းစ်လူးမ်ဒေါင်ရဲ့ အမြင်ဖြစ်ပါတယ်။

နအဖစစ်အစိုးရနဲ့ အပစ်ရပ်ထားတဲ့ ငြိမ်းချမ်းရေးအဖွဲ့ တွေဖြစ်တဲ့ ရှမ်း၊ ကိုးကန့်၊ ဝ စတဲ့အဖွဲ့တွေ ဘာကြောင့်တိတ်ဆိတ် ငြိမ်သက်နေတာလဲဆိုတာတော့ ဘာမှတိတိကျကျ မသိရသေးတဲ့ အတွက် အခြေအနေကိုစောင့်ကြည့်ရနေတာလို့သျှမ်းသံတော်ဆင့် သတင်းစဉ် အယ်ဒီတာ ဦးခွန်ဆိုင်းက ပြောပါတယ်။

"နအဖအခြေခံဖွဲ့စည်းပုံဥပဒေမူကြမ်း ကိုအတည်ပြုမဲ့ လူထုဆန္ဒခံယူပွဲက ဖေဖော်ဝါရီ ၉ ရက် ကတည်းက ကြေညာခဲ့ပေမဲ့ အခုထိမမြင်ရသေးတော့ သူတို့စောင့်ကြည့်ချင်နေတဲ့သဘောပြပါ တယ်။ အခုအချိန်ဟာစစ်အုပ်ချုပ်ရေးကနေ ဒီမိုကရေစီအုပ်ချုပ်ရေး ကိုကူးပြောင်းဖို့အချိန်ရောက်ပြီလို့ နအဖတို့အမြဲပြောတယ်။ဒီဥစ္စာ ဘယ်သူမှမငြင်းနိုင်တဲ့အားလုံးလိုလားထောက်ခံနေတဲ့ကိစ္စဖြစ်တယ်။ အချိန်ကန့်သတ်မှု ဆိုတာမရှိခဲ့ဘူး။ ဒါ့ကြောင့်မို့ အခုလောလော ဆယ် ရုတ်တရက်ချက်ချင်းကြီး ပယ်ချလိုက်ဖို့ဆိုတာသူတို့နည်းနည်း စောင့်ကြည့်နေတယ်။ အဖက်ဖက်ကနေ ဆွေးနွေးကြည့်ချင်သေး တယ်။အဲလိုမျိုးသဘောရှိတယ်လို့အပစ်ခတ်ရပ်စဲရေးအချို့ရပ်ကွက် ကကြားသိရတယ်။"

အပစ်ရပ်အဖွဲ့တခုဖြစ်တဲ့ မွန်ပြည်သစ်ပါတီကတော့ နအဖရေးဆွဲ ပြီးစီးသွားတဲ့ ဖွဲ့စည်းအုပ် ချုပ်ပုံအခြေခံဥပဒေမူကြမ်းဟာ သူတို့နဲ့ မသက်ဆိုင်ကြောင်း ပြောကြားထားပြီး ကျန်ငြိမ်းအဖွဲ့တွေ လည်း မွန်ပြည်သစ်ပါတီရဲ့သဘောထားထက် လျော့ဖွယ်မရှိဘူးလို့ ဦးခွန်ဆိုင်း ကသုံးသပ်ပါတယ်။

DVB ၂၁–၀၂–၀၈ **(နန်းခမ်းကယောက်)**

# လွတ်လပ်တဲ့ ဆန္ဒခံယူပွဲဖြစ်ဖို့ ပြည်တွင်းအင်အားစုများ ပြောဆို

ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) က ဖေဖော်ဝါရီ ၂၀ ရက်နေ့က ထုတ်ပြန်သည့်ကြေညာချက်တွင် စစ်အစိုးရအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့်ဆန္ဒခံယူပွဲကျင်းပပေးရန်လိုအပ်ကြောင်း နှင့်ပြည်သူတရပ်လုံးပါဝင်ပြီး မိမိတို့၏ ဆန္ဒသဘောထားအစစ်အမှန်ကို ဒီမိုကရေစီနည်းလမ်းတကျ လွတ်လပ်စွာဖော်ပြကြရန် လိုအပ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

KIO မှ ပြောရေးဆိုခွင့်ရှိသူဗိုလ်မှူးကြီးဂွမ်မော်က "အဓိက တော့ လွတ်လပ်ပြီးတရားမျှတရမယ်ဆိုတဲ့ စကားမှာ အကုန်လုံးပြည့်စုံ ပြီ။ သိပ်အရှည်ကြီး ပြောနေရင်လည်းစည်းကမ်းချက်တွေအများကြီး။ အဓိကတော့ လွတ်လပ်ပြီးတရားမျှတသော ဆန္ဒခံယူပွဲမဲဖြစ်ရ မယ်။ ဆန္ဒခံယူပွဲမဲပေးသူတွေရောလက်ရှိအာဏာရှိသူတွေရောရွေးချယ် မှုဆိုတာရှိတယ်လေ။ ကျနော်တို့လိုချင်တာ ကလွတ်လပ်ရမယ်၊ တရား မျှတရမယ်ဆိုတဲ့ ဘောင်ထဲမှာအားလုံးက ချိန်ထိုးယူဖို့ရှိတယ်လေ" ဟု ပြောသည်။

၂၀၁၀ တွင်ကျင်းပမည့် နအဖ၏ရွေးကောက်ပွဲနှင့်ပတ် သက်၍လည်း တရားမျှတမှုရှိ၊ မရှိ သိနိုင်ရန်သင့်တော်သော အကဲခတ် အဖွဲ့ ဖွဲ့စည်းပေးရန်နှင့်ပေါ်ထွက်လာသောရွေး ကောက်ပွဲရလဒ် ကို အားလုံးကလေးစားအသိအမှတ်ပြုရန်ဆိုသည့် အချက်များပါ KIO ကြေညာချက်တွင်တောင်းဆိုထားသည်။

ဗိုလ်မှူးကြီး ဂွမ်မော်က"ပါတီထောင်ပြီး ရွေးကောက်ပွဲဝင် မယ်ဆိုတာ ဘာမှဆုံးဖြတ်ထားတာ မရှိသေးပါဘူး။ အခုတော့ အခြေ အနေကြည့်ပြီးတော့လက်ရှိအာဏာကိုရယူထားတဲ့ စစ်အစိုးရအနေနဲ့ ဘယ်လိုလုပ်မလဲ၊ဒီအချိန်မှာပြည်သူတွေရဲ့သဘောထား ဘယ်လိုရှိ မလဲ၊ KIOရဲ့အနေအထားနဲ့ တခြားအခြေအနေတွေဘယ်လိုရှိမလဲ ဆိုတဲ့အပေါ်မှာလည်း မူတည်ပါတယ်"ဟုပြောဆိုသည်။

(၂၀၀၈ မတ်လထုတ် မဇ္ဈိမဂျာနယ်မှ ကူးယူဖော် ပြသည်။)

# နအဖ ဖွဲ့စည်းပုံမူကြမ်းနှင့် မသက်ဆိုင်ဟု သျှမ်းအဖွဲ့ချုပ်ပြော

မေလ ၂၀၀၈ မှာအတည်ပြုဖို့လုပ်နေတဲ့ နအဖဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ သူတို့နဲ့လုံးဝ မသက်ဆိုင်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ကထုတ်ဖော်ပြောကြားပါတယ်။ လူထုကိုအတည်ပြုခိုင်းတဲ့ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းဟာ အာဏာပိုင်တွေရွေးချယ်ထားတဲ့ ပုဂ္ဂိုလ် ၅၄ ယောက်က ဦးစီးရေးဆွဲထားတဲ့ အခြေခံဥပဒေဖြစ်ပြီး ဦးတည်ချက် ၆ ရပ်နဲ့ အသေးစိတ်အခြေခံမူ ၁၀၄ ချက်ဟာလည်း စစ်အစိုးရညောင်နှစ်ပင်ညီလာခံကချမှတ်ထားပြီးသားမူတွေဖြစ်တယ်လို့ SNLD က ထောက်ပြပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး SNLD ရဲ့သဘောထား ကိုပြောခွင့်ရပုဂ္ဂိုလ် စိုင်းလိတ်က ရှင်းလင်းပြောပြပါတယ်။

*"အဲဒီအခြေခံဥပဒေရေးဆွဲတဲ့နေရာမှာ ကျနော်တို့ SNLD က ၁၉၉၃ ကနေ ၉၆ အထိညီလာခံမှာပါဝင်ခဲ့တယ်။နောက်ပိုင်းကျတော့ ဦးတည်ချက် ၆ ရပ်နဲ့ အသေးစိတ်အခြေခံရမယ့်မူများ ၁၀၄ ချက်အတိုင်း သွားမယ်ဆိုရင် အနည်းငယ်ပြင်ဆင်ခွင့်ပြုပါ။ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ပေးနိုင်မလားလို့ ကျနော်တို့မေးထားတုန်းမှာပဲ အမျိုးသားညီလာခံ ဆက်ပြီးကျင်းပသွားတယ်။ ၂၀၀၄ ကနေစပြီးဆက်ကျင်းပခဲ့တဲ့ညီလာခံမှာကျနော်တို့ SNLD ကပါဝင်ခြင်းမရှိခဲ့တော့ပါဘူး။ အဲလိုပါဝင်ပတ်သက်ခြင်းမရှိခဲ့လို့လည်းပဲ ကျနော်တို့ ဥက္ကဋ္ဌနဲ့ အတွင်းရေးမှူး ဒီနေ့အထိ နှစ်ရှည်ထောင်ဒဏ် ဖမ်းဆီးထိန်းသိမ်းခြင်းခံလိုက်ရတယ်။ ဒါကြောင့်မို့လို့ အခုလာမယ့် ပြည်သူ့ဆန္ဒခံယူပွဲမှာ ကျနော်တို့ SNLD ရဲ့ သဘောထားမေးရင်တော့* ***အခြေခံဥပဒေရေးဆွဲရာမှာ ကျနော်တို့ရဲ့ ဆန္ဒသဘောထားလုံးဝမပါဘူး****လို့ပဲ ဖြေကြား လိုပါတယ်။"*

လာမယ့်လူထုဆန္ဒခံယူပွဲကို SNLD အနေနဲ့ကန့်ကွက်မှာလား။ အတည်ပြုမှာလားဆိုတဲ့ အမေးကို စိုင်းလိတ်က– *"အတည်ပြုမှာလား၊ ကန့်ကွက်မှာလားဆိုတော့ ပြည်သူလူထုအပေါ်မှာပဲ မူတည်ပါတယ်။ အခြေခံဥပဒေဆိုတာကတော့ အာဏာပိုင်အဖွဲ့အစည်းများ အရင်တုန်းကချမှတ်ခဲ့တဲ့* ***အမိန့်ကြေငြာ စာ ၁/၉၀ အရ၊ အခြေခံဥပဒေ ကို ပြည်သူလူထုကိုယ်တိုင် ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များကသာလျှင် ရေးဆွဲပိုင်ခွင့်ရှိတယ်*** *ဆိုတဲ့အချက် တခုရှိပါတယ်။*

*အဲဒီမူအတိုင်းဆိုရင် အခုရေးဆွဲပြီးတဲ့ အခြေခံဥပဒေမူကြမ်းဟာ ပြည်သူလူထုအများစု ပါဝင်ခြင်းမရှိဘူးဆိုတာကိုတော့ ကျနော်တို့ အတိအကျပြောလို့ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုအများစုနဲ့ တိုင်းရင်းသားတရပ်လုံး ရွေးချယ်တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေ ရေးဆွဲထားတဲ့ အခြေခံဥပဒေမဟုတ်တာနဲ့အညီ လူထုတွေရဲ့ဆန္ဒ သဘောထားနဲ့ ကိုက်ညီတယ်၊ မကိုက်ညီဘူးဆိုတာ အဲဒီဥပဒေမူကြမ်း ကိုယ့်လက်ထဲ ရောက်လာတဲ့ အချိန်မှာ သေချာလေ့လာပါ၊ ဆန်းစစ်ပါ၊ သုံးသပ်ပါ။ ပြည်သူ့ဆန္ဒသဘောထားနဲ့ ကိုက်ညီတယ်ထင်ရင်တော့ ထောက်ခံမဲပေးရမှာပေါ့။ တကယ်လို့ မကိုက်ညီ ဘူးဆိုလို့ရှိရင်လည်း ကန့်ကွက်မဲပေးရမှာပေါ့။ ဒါကတော့ ကိုယ့်ရဲ့အခွင့်အရေးပဲလေ။ ပြည်သူလူထုကရွေးချယ်ဆုံးဖြတ်သွားမယ်လို့ပဲ ကျနော်ပြောလိုပါတယ်။"*

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုသိရှိအောင် ရှင်းရှင်းလင်းလင်းချပြသင့်ပြီလို့ SNLD က တိုက်တွန်းပါတယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံရွေးကောက်ပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြီးရင် အမတ်နေရာ ဒုတိယအများဆုံးရရှိတဲ့ပါတီကြီးတခုဖြစ်ပါတယ်။

၂၁–၀၂–၀၈ ဒီဗွီဘီ **(နန်းခမ်းကယောက်)**



ဒဏ်ရာဒဏ်ချက်များ
ပြည့်နေသော
မြန်မာ့ဒီမိုကရေစီ
နလံထူနိုင်မည်လော

# အစိုးရကအုပ်ချုပ်မှုမကောင်းလျှင်ခွဲထွက်ရေးပြဿနာမဖြေရှင်းနိုင်

အခုချိန်ဟာ မြန်မာ့သမိုင်းမှာ အင်မတန်အရေးကြီးတဲ့ အချိုးအကွေ့ကိုရောက်နေတယ်ဆိုတာ မမှားပါဘူး။ လွတ်လပ်ရေးရပြီး ကတည်းက ၁၉၄၇ မှာတကြိမ် ၁၉၇၄ မှာတကြိမ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲအတည်ပြုကျင့်သုံးခဲ့ဖူးပါတယ်။ အခုတတိယအကြိမ် ရင်ဆိုင်နေရပါပြီ။ မကြာမီဆန္ဒခံယူပွဲကျင်းပမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာအဓိကအားဖြင့်–

(၁) ဒီမိုကရေစီရေးအတွက် သိပ်အားမပေးတဲ့ ဖွဲ့စည်းပုံဖြစ်နေခြင်း (စစ်တပ်က အဓိကအာဏာချုပ်ကိုင်ထားတယ်။ ပြင်ဆင်ချင်တယ်ဆိုရင်တောင်မှ အရမ်းတင်းကျပ်မယ်။)

(၂)– တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးဆန္ဒကိုဖြည့်ဆည်းနိုင်ပါ့မလား ဆိုတဲ့အချက်ဖြစ်ပါတယ်။ Federal စနစ်အရ တိုင်းရင်းသားတွေကတော့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်၊ တနည်းအားဖြင့် လွတ်လပ်စွာ အုပ်ချုပ်ပိုင်ခွင့်ဖွဲ့စည်းပုံမျိုးလိုချင်ကြတယ်။ ဒါပေမဲ့ ဗဟိုစစ်အစိုးရကတော့ဒါမျိုးခွင့်ပြုမထားပါဘူး။ အခုသူတို့ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံမှာ တိုင်းရင်းသားတွေအတွက် အခွင့်အရေးတွေအများကြီး ပေးထားတယ်လို့ ဆိုပါတယ်။ Federal ဆိုရင်ပြည်ထောင်စုပြိုကွဲအောင်လုပ်တယ်လို့သူတို့သတ်မှတ်ပါတယ်။ ဥပမာရှမ်းပြည်ဆိုရင် ၁၉၄၇ ဖွဲ့စည်းပုံအရလွတ်လပ်ရေးရပြီး ၁၀ နှစ်ပြည့်(၁၉၄၈–၁၉၅၈)ရင် ခွဲထွက်ပြီး SEATO အရှေ့တောင်အာရှစစ်ရေးမဟာမိတ်အဖွဲ့မှာပါဝင်နိုင်အောင် လက်မှတ်ရေးထိုးဖို့ကြိုးစားခဲ့တယ်၊ ပြည်ထောင်စုက ခွဲထွက်ဖို့လုပ်ခဲ့တယ်။ အဲဒါကြောင့် အာဏာသိမ်းရတယ်ဆိုပြီး မကြာသေးခင်ကတောင် စစ်အစိုးရ သတင်းစာမှာထပ်ရေးနေသေးတယ်။

ဦးဟန်ယောင်ဟွေခင်ဗျား၊ Federal ဆိုတာ ပြည်ထောင်စုကို တကယ် ပြိုကွဲစေပါသလား?

ရှမ်းခေါင်းဆောင်တစ်ချို့ဟာ SEATO ထဲဝင်ဖို့တောင်လုပ်ခဲ့တယ်ဆိုတာရော တကယ်ဟုတ်ပါသလားခင်ဗျား?

**ဦးကျော်ဇံသာ**

“ဒါကတော့ စွပ်စွဲမှုတွေဖြစ်ပါတယ်။ ကျနော်တို့ပြန်ကြည့်မယ်ဆိုရင် ၁၉၄၇ မှာ ပင်လုံစာချုပ် ဆိုတာရှိပါတယ်။ ပင်လုံမှာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပြောခဲ့တာဘဲ ဗမာတစ်ကျပ် ရှမ်းတစ်ကျပ် ကရင်တစ်ကျပ် ဆိုတာ။ အဓိပ္ပါယ်က တော့ပြည်နယ်ပြည်မဆိုတာမရှိဘူး။ ပြည်နယ်တွေစုပေါင်းပြီး ပြည်ထောင်စုတည်ဆောက်ရင် ပြည်နယ်တိုင်းတန်းတူရမယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်တွေရှိရမယ်လို့ သဘောတူထားတယ်။ ဒါပေမဲ့ အခြေခံဥပဒေရေးဆွဲလာတော့ ပြည်မပြည်နယ်တွေဖြစ်လာတယ်။ ပြည်နယ်တွေဘာ အာဏာမှမရှိဘဲ ပြည်မကဘဲအကုန်လုံး အုပ်ချုပ်စီမံတယ်ဆိုတော့ အဲဒီမှာပြဿနာဖြစ်လာတာဖြစ်တယ်။

၁၉၅၈ မှာ ရှမ်းပြည်ကခွဲထွက်မယ် ဘာညာစွပ်စွဲတယ်။ အဲဒီအချိန်မှာ ရှမ်းပြည်တကယ်ခွဲထွက်မယ်ဆိုရင်လဲရတယ်။ ဘာလို့လဲဆိုတော့ အခြေခံဥပဒေမှာခွဲထွက်ပိုင်ခွင့်ဆိုတာပါထားတာဘဲ။ အဲဒီတုန်းက လူငယ်ပိုင်းကခွဲထွက်ချင်တယ်၊ ဒါပေမဲ့ခေါင်းဆောင်ပိုင်းက မခွဲထွက်သင့်ဘူး။ ပြည်ထောင်စုအခြေခံဥပဒေဖြစ်အောင် ပြန်ပြင်ရေးဆွဲမယ် ဆိုပြီးကြိုးစားခဲ့ကြသေးတယ်။ အဲအချိန်ကစပြီး ဖက်ဒရယ်မူ ဖက်ဒရယ်စနစ်ဖြစ်လာတာ။

၁၉၆၁ တောင်ကြီးမှာ ညီလာခံလုပ်ခဲ့တယ်။ ၁၉၆၂ နှစ်ဦးပိုင်းမှာ ဝန်ကြီးချုပ်ဦးနုကအခြေခံဥပဒေကို ပြန်ပြင်သင့်တယ်ဆိုတာသဘောတူတယ်။ ခေါင်းဆောင်တွေကို ပြန်စုလိုက်တာဖြစ်တယ်။ အဲဒီ အချိန်မှာ ဗိုလ်ချုပ်နေဝင်းက အာဏာသိမ်းလိုက်တာ။

အဲဒီတုန်းက တပ်မတော်ကတရုပ်ဖြူအကြောင်းပြပြီး ဝင်ရောက်နေတော့ ရှမ်းပြည်မှာ လူထုကမကျေမနပ်ဖြစ်ခဲ့တယ်။ အဲဒါကြောင့်လဲဘဲ ခွဲထွက် ဖို့အခြေအနေဖြစ်အောင်တွန်းပို့ခဲ့ပါတယ်။ တပ်မတော်ကလည်း လူထုကို ဂရုမစိုက်တော့ လူထုအတွက်အများကြီးနစ်နာတာပေ့ါ။

အခုအခါမှာခွဲထွက်ဖို့ သီးခြားကြေငြာနေတဲ့လူတွေတောင်ရှိနေပြီဆိုတော့ သျှမ်းပြည်ကစပြီး ပြည်ထောင်စုပြိုကွဲစေမဲ့ အန္တရာယ်ဘယ်လောက်အထိ ရှိနေသလဲ?

**“ဖက်ဒရယ်လား ဘာလား အရေးမကြီးပါဘူး။ အခုအရေးကြီးတာက အခုလက်ရှိအစိုးရက အုပ်ချုပ်မှုမကောင်းရင်ခွဲထွက်မှုပြဿနာ ရှိကိုရှိမှာဘဲ၊ အစိုးရကလူထုအတွက် အကျိုးမပြုဘူး။ လူထုအတွက် မလုပ်ဘူး၊ လူထုကျေနပ်မှုမရှိဘူးဆိုရင် ဒီခွဲထွက်မဲ့ ပြဿနာက ဖြေရှင်းလို့ရမှာမဟုတ်ဘူး။”**



ဟန် ယောင်ဟွေ

VOA နံနက်ပိုင်းအထူးအစီအစဉ် 5/4/2008

# SSA အား စောင့်ပစ်သည့် နအဖစစ်ကြောင်း တကွဲတပြားထွက်ပြေးရ



Photo : website

သျှမ်းပြည်တပ်မတော် **SSA** စစ်ကြောင်းအားစောင့်ပစ်သော နအဖစစ်ကြောင်းတစ်ကြောင်းသည် သျှမ်းပြည်တပ်မတော်စစ်ကြောင်း၏ ပြန်လည်ခုခံပစ်ခတ်မှုကြောင့် ကစဉ့်ကလျားထွက်ပြေးကြရကြောင်း သျှမ်းပြည်တောင်ပိုင်း သတင်းရပ်ကွက်ကဆိုပါသည်။

မတ်ချ် ၁၀ ရက်က သျှမ်းပြည်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ဝမ့်မိန်းအုပ်စု ပန်ချူးရွာအနီး၌ **SSA** စစ်ကြောင်းအားပစ်ခတ်ရန် ကြိုတင်နေရာယူထားသည့် နမ့်ဇန်အခြေစိုက်နအဖစစ်တပ်ခလရ ၂၄၇မှ ဗိုလ်ကြီးခွန်နေဝင်းဦးစီးသောအင်အား ၃၀ ရှိစစ်ကြောင်း တစ်ကြောင်းသည် **SSA** စစ်ကြောင်းနှင့် တစ်နာရီအကြာ ပစ်ခတ်ခဲ့ကြပြီး လက်နက်ပစ္စည်းများ လွှင့်ပစ်ကာနအဖစစ်သားတို့တကွဲတပြား ထွက်ပြေး တိမ်းရှောင်ရာတချို့မှာ (မိုင်းကိုင် မြောက်ဘက် နမ့်လန်–တုန်လောင်းကားလမ်းပေါ်ရှိ) ပန်ကေတုသို့လည်းကောင်း တချို့မှာ(မိုင်းကိုင်မှ အရှေ့ဘက် ကျေးသီးကားလမ်းပေါ်ရှိ) ဟမ်းငိုင်းသို့လည်းကောင်း ရောက်သွားကြသည်ဟုဆို၏။

ပန်ကေတုအုပ်စု ဒေသခံတစ်ဦးက *"နအဖစစ်သား တပ်ကြပ်တစ်ယောက် ရွာထဲရောက်လာတယ်။ တုန်တုန်ယင်ယင်နဲ့ ရွာသားတွေကိုလာပြောပြတယ်။ သူတို့ဗိုလ်ကြီးခြေထောက်မှာ ကျည်ဆံထိတယ်။ တပ်သား ၃ ယောက်သေတယ်၊သေနတ် ၃ လက်ရှုံးတယ်တဲ့၊ တိုက်ပွဲမှာ ၆ ယောက်ပျောက်တယ်၊ သျှမ်းသူပုန်က ဖမ်းသွားပြီလို့ ထင်တာဘဲတဲ့၊ စစ်သားကြီးက ပြောလဲပြော ငိုလဲငို –ရွာသားတွေ သူ့ကို ထမင်းကျွေးပြီး ရွာကပြန်ထွက်သွားတာဘဲ"* ဟုပြောပြသည်။

၎င်းနှင့်ပတ်သက်၍ သျှမ်းပြည်တပ်မတော်တောင်ပိုင်း ပြောခွင့်ရဗိုလ်မှူးလောဝ်ဆိုင်က *"ဟုတ်တယ်၊ ၁၀ ရက်နေ့မှာကျနော်တို့ SSA စစ်ကြောင်းနဲ့ နအဖစစ်ကြောင်းတိုက်ပွဲဖြစ်ခဲ့တယ်။ နအဖစစ်ကြောင်းရဲ့သေနတ် ၂ လက် ကျောပိုးအိတ် ၁၁ လုံးကို SSA စစ်ကြောင်းက သိမ်းရတယ်။ လူတော့ တစ်ယောက်မှ မဖမ်းမိဘူး။ SSA ဘက်က ထိခိုက်ဒဏ်ရာအနည်းငယ်ရတာကလွှဲလို့ အသေအပျောက်မရှိဘူး"* ဟု သျှမ်းသံတော်ဆင့်သို့ အတည်ပြုပြောဆို၏။

နအဖစစ်သား ၆ ယောက်ပျောက်သည်ဟူသောသတင်းနှင့်ပတ်သက်၍ *"ပျောက်တယ်ဆိုတာကတော့ သူတို့တိုက်ပွဲမှာ အသေအပျောက်ရှိတယ်၊ တိုက်ပွဲရှုံးတယ်၊ ပစ္စည်းရှုံးတယ်၊ သူတို့ဗိုလ်ကြီးလဲ ဒဏ်ရာရတယ်၊ တပ်ပြန်ရင်လဲ ဒဏ်ပေးခံရမှာကြောက်လို့ ထွက်ပြေးသွားတာနေမှာပါ။ သူတို့စစ်တပ်ထဲမှာလဲ ကြီးနိုင်ငယ်ညှင်းရှိတယ်ဆိုတော့ထွက်ပြေးချင်နေတာနဲ့ ချော်လဲရောထိုင်လိုက်တာလဲဖြစ်နိုင်တယ်"*– ဟု ဗိုလ်မှူးလောဝ်ဆိုင်က ပြောပြ၏။



Photo : website

နအဖလူထုဆန္ဒခံယူပွဲအတွက် မှတ်ပုံတင်လုပ်ပေးရန် ကျေးလက်တောရွာများသို့ စတင်ကွင်းဆင်းသည့်အချိန်မှစ၍ မိုင်းနောင်၊ ကျေးသီး၊မိုင်းကိုင်ဒေသတစ်ဝိုက် နအဖစစ်ကြောင်းနှင့်SSA စစ်ကြောင်းတို့ မကြာခဏတိုက်ပွဲဖြစ်ပွါးခဲ့သည်ဟုဆိုပါသည်။ ထိုဒေသသို့ SSA စစ်ကြောင်း သွားလာလှုပ်ရှားလေ့ရှိသဖြင့် နအဖစစ်ကြောင်းမှ SSA အားစောင့်ပစ်သည့်သကဲ့သို့ SSA စစ်ကြောင်းမှနအဖအားစောင့်ပစ်သည့်အခါများလည်းရှိကြောင်း၊ တစ်ဘက်တစ်လမ်းကလည်း မိုင်းနောင်မြို့နယ် မိုင်းနန်းဒေသတွင် ကျောက်မီးသွေးထွက်သဖြင့် နအဖစစ်တပ်မှလုံခြုံရေးအတင်းအကျပ်ချထားကြောင်း ဒေသခံများထံမှ သိရသည်။

❑ ❑ ❑

# နအဖတပ်အား သစ်ခိုးဖြတ်ရှင်း၍ SSA စစ်ကြောင်းစောင့်ပစ်

မတ်ချ် ၂၉ ရက် မွန်းလွဲပိုင်းက **SSA** စစ်ကြောင်းတစ်ကြောင်းသည် သျှမ်းပြည်တောင်ပိုင်း နမ့်ဇနိရယာအတွင်း ကင်းလှည့်စဉ် နအဖစစ်ကြောင်း၏သတင်းကြားသဖြင့်စောင့်ပစ်ရာ ၂ နာရီခန့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း သျှမ်းပြည်တောင်ပိုင်းသတင်းရင်းမြစ်က ဆိုပါသည်။

SSA တပ်ဖွဲ့မှ ဒုဗိုလ်စိုင်းလျံသည် အင်အား ၁၉ ယောက်နှင့်အတူ နမ့်ဇန်မြို့နယ် ဝမ့်နောင်အုပ်စု ဝမ့်နောင်ရွာအနီး တစ်ဝိုက်တောလမ်းအတိုင်းကင်းလှည့်စဉ် ထော်လာဂျီပေါ် သစ်များတင်နေသည့် သစ်ခိုးဖြတ်အဖွဲ့တစ်ဖွဲ့အားတွေ့ရှိ၍ စစ်ဆေးမေးမြန်းနေချိန် နမ့်ဇန်အခြေစိုက်ခလယ ၅၁၆ မှ ဗိုလ်ကြီးမြင့်လွင်ဦးစီးသည့် အင်အား ၄၀ စစ်ကြောင်းတစ်ကြောင်း၏ သတင်းကြားသိရသဖြင့် စောင့်ပစ်ရာ ထိုနေရာအနီး၌ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ပစ်ခတ်တိုက်ခိုက်ချိန် မွန်းလွဲပိုင်း ၁၂ း ၁၅ နာရီမှ ၁၄ း ၁၅ နာရီထိ၊ ၂ နာရီခန့်ကြာသောအခါ ၂ ဘက်စလုံး တပ်ဆုတ်ခဲ့ကြသည်ဟုဆို၏။ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် **SSA** စစ်ကြောင်းကတိုက်ပွဲနေရာသို့ ပြန်လည်စစ်ဆေးရာ(ဗိုလ် ၁ လောင်း၊ အရာခံဗိုလ် ၁ လောင်း၊ တပ်ကြပ်ကြီး ၁ လောင်း၊ တပ်ကြပ် ၁ လောင်းအပါအဝင်) နအဖ စစ်သားအလောင်း ၁၀ လောင်းတွေ့ရပြီး ၈ ယောက်ဒဏ်ရာရသည်ဟု ဒေသခံများထံမှ ပြန်လည်ကြား သိရကြောင်း ထိုသတင်းရင်းမြစ်ကဆို၏။

*“နအဖ စစ်ကြောင်းဆီက 9 mm ပစ်စတိုသ လက် ၊ 9 mm ကျည်ဆံ ၈တောင့်၊ ကျည်ကပ် ၁ ကပ်၊ MA-1 ၂ လက်၊ MA-1 ကျည်ဆံ ၂၀၇ တောင့်၊ MA ကျည်ကပ် ၈ ကပ်၊ လက်ပစ်ဗုံး ၂ လုံး၊ M-14 မြေမြှုပ်မိုင်း ၁ လုံး၊ M-79 ဗုံး ၃ လုံး၊ ကျည်တွဲ ၁တွဲ၊ ဓါးမြှောင် ၁ လက်၊ကြယ်ပွင့် ၁ ပွင့်၊ ကျောပိုးအိတ် ၁၀ လုံး၊ ဘိန်းစိမ်း ၁ ကျပ်သားနှင့်အတူ ဆေးတံ ၁ စုံ သိမ်းယူနိုင်တယ်”* ဟု **SSA** အရာရှိတစ်ဦးက ပြောဆိုသည်။

တိုက်ပွဲတွင် နအဖစစ်အင်အား ၂၀ ခန့်က မိုးနဲမြို့မြောက်ဘက် လွယ်လရွာဘက်မှ ထပ်မံ ဝင်ရောက်ကူညီအင်အားဖြည့်သည့်အပြင် **60 mm** မော်ထာအလုံး ၃၀ ခန့်တိုက်ပွဲအတွင်းသို့ ပစ်ချခဲ့သောကြောင့် **SSA** စစ်ကြောင်း တပ်ဆုတ်ခဲ့ရကြောင်း၊ သို့ရာတွင် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း **SSA** သတင်းရင်းမြစ်ကဆိုပါသည်။

❑




ဗမာစစ်အုပ်စုကို တိုက်ခိုက်အနိုင်ယူနိုင်သူဆိုလို့ ရုပ်ရှင်ထဲက မင်းသားရမ်ဘို လောက်ပဲရှိသလား

## နာရေးသတင်း

# နိုင်ငံကျော် သျှမ်းအဆိုတော် အဆုတ်ရောဂါဖြင့် ကွယ်လွန်



မတ်လ ၁၀ ရက်မနက် ၅း ၅၀ နာရီက သျှမ်းအဆိုတော် စိုင်းထီးဆိုင် အသက်(၅၈ နှစ်)သည် အသဲကျွမ်းရောဂါဖြင့်သေဆုံးသွားခဲ့သည်။

စက်တင်ဘာလ ၂၃ ရက်တွင် အသက် ၅၉ နှစ် ပြည့်မည့် (သျှမ်း/ဗမာတေးသီချင်းများ၌ ကိုယ်ပိုင်သံစဉ်များဖြင့် အောင်မြင်ကျော်ကြားသူ) စိုင်းထီးဆိုင်သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အစာအိမ်နှင့်အူလမ်းကြောင်းဌာန၌ ကွယ်လွန်ခြင်းဖြစ်သည်။ ဖေဖော်ဝါရီကတည်းက ရန်ကုန်ဂရင်းခရော့စ်ဆေးခန်း၌ တက်ရောက် ကုသရာမှ ရန်ကုန်ဆေးရုံကြီးသို့ပြောင်းရွှေ့ခဲ့သည်။ စိုင်းထီးဆိုင်သည် ကွယ်လွန်ချိန်အထိ သွေးချိုဆီးချိုရောဂါကိုလည်း ၈ နှစ်ခန့် ခံစားခဲ့ရသည်။

အဆိုတော်စိုင်းထီးဆိုင်၏ ရုပ်အလောင်းအား ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ သယ်ဆောင်ကာ မတ် ၁၂ ရက်၌ ဂူသွင်းသင်္ဂြိုဟ်ခဲ့၏။

သျှမ်းပြည်သဘာဝအလှ တေးသီချင်းများကို ဖော်ကြူးသီဆိုလေ့ရှိသည့် ကွယ်လွန်သူ စိုင်းထီးဆိုင်သည် သျှမ်းပြည်တောင်ပိုင်း လင်းခေးမြို့နေ အဘ လုံးနန္ဒာ အမိ ဒေါ်နန်းအိမ်တို့၏သားဖြစ်သည်။ မွေးချင်း ၅ ယောက်အနက်သားကြီးဖြစ်ပြီး မန္တလေးတက္ကသိုလ်၌ စိတ်ပညာဘာသာရပ် ဘွဲ့ရသူတစ်ယောက်ဖြစ်၏။ မန္တလေးရောက်ရှမ်းတစ်ယောက် စီးရီးဖြင့် ဂီတလောကသို့ စတင်ဝင်ရောက်ခဲ့သည်။

၁၉၇၀ နှောင်းပိုင်း ဂီတလောက၌ နာမည်ကျော် လူကြိုက်များလာသောစိုင်းထီးဆိုင်သည် ၁၉၈၈ နှောင်းပိုင်း အစိုးရပေါ်လစီသီချင်းများသီဆိုချင်း၊ မြန်မာ့အသံ၌ အစိုးရဝါဒဖြန့်တေးသီချင်းများ သီဆိုခဲ့ခြင်းကြောင့် နှစ်အတန်ကြာ ပရိတ်သတ်များ၏ပြုံပြင်မှုခံခဲ့ရသော်လည်း ယခုချိန်အထိ ၎င်း၏တေးသီချင်းများမရိုးနိုင်ဘဲ ပရိတ်သတ်များ နှစ်သက်ကြဆဲဖြစ်သည်။

နိုင်ငံကျော်အဆိုတော် စိုင်းထီးဆိုင်ကွယ်လွန်ချိန်တွင် ဇနီးမခင်သန်းစိုး၊ သားကြီး စိုင်းခိုင်ခမ်း၊ သမီးကြီး နန်းဇမ်ဟွမ်နှင့် သမီးငယ် နန်းယုခေါင်တို့ ကျန်ရစ်ခဲ့သည်။ ❑

**စာမျက်နှာ (43) မှ**

သဖြင့်ပြည်နယ်၊ ဒေသခံဌာနေတိုင်းရင်းသားများဘာမျှခံစားခွင့်မရှိချေ။

(ပုဒ်မ ၃၇-က/ခ) နှစ်ပေါင်းများစွာကပင် အခြေခံဥပဒေ မရှိခဲ့သည့်ကာလအတွင်း တိုင်းရင်းသားဒေသသယံဇာတများကို စစ်တပ်ကချည်း သိမ်းကြုံးယူငင်ခဲ့သည်သာမက စစ်အုပ်စုက ယခုအခြေခံဥပဒေဖြင့် ထာဝရရေမြေ့ပိုင်ရှင်ဖြစ်စေရန် တရားဝင်မောင်ပိုင်စီးလုပ်လိုက်ခြင်းဖြစ်သည်။ ခြုံငုံလိုက်လျှင်ပြည်နယ်များ၌အသေးအမွှားကဏ္ဍမှလွဲ၍ဘဏ္ဍာရေး၊ စီးပွါးရေးအခွင့်အာဏာများမရှိသလောက်ဖြစ်နေ၏။ ကျားသနားမှ နွားချမ်းသာဆိုသလို ဗဟိုအစိုးရ၏ စောင်မကြည့်ရှုမှု ပေးကမ်းစွန့်ကြဲမှုအပေါ်တွင် မူတည်နေရသည်။

အထက်ပါ တစိတ်တဒေသလေ့လာချက်များကိုသုံးသပ်ကြည့်လျှင်ပင်နအဖဖွဲ့စည်းပုံသည် တိုင်းရင်းသားများအတွက်နိဗ္ဗာန်ဘုံလော?၊ အလုံးစုံအခွင့်အရေးဆုံးရှုံးမှုလော?၊ ပေးကားပေး၏မရ၊ ကျွေးကားကျွေး၏ဟန်ပြ၊ ဆင့်ပါးစပ်ဝ နှမ်းစေ့ အနည်းငယ်ပမာလော-အလွယ်တကူစောကြောသိရှိနိုင်ပါကြောင်း။

၄/၄/၀၈ **BNI** အရေးပေါ်အစည်းအဝေးမှ **FCDCC** ဒုဥက္ကဋ္ဌ ဗိုလ်မှူးကြီးခွန်ဥက္ကာ၏ ရှင်းလင်းချက်ကို ဥာဏ်မှီခြုံငုံမိသရွေ့တင်ပြခြင်းဖြစ်သည်။
သျှမ်းဟယ်ရယ်-စိုင်းစိန်ကြယ် (၉/၄/၀၈)

# စိုင်းထီးဆိုင် အတွက် ချင်းမိုင်ရောက် တေးဂီတမြတ်နိုးသူ လူငယ်များ ဆွမ်းသွတ် အလှူပြု

၂၀၀၈ မတ်ချိလ ၁၀ ရက်ကကွယ်လွန်အနိစ္စရောက်သွားတဲ့ သျှမ်းအမျိုးသား နိုင်ငံကျော်အဆိုတော် စိုင်းထီးဆိုင်အတွက် ၇ ရက်ပြည့် ရက်လည်ဆွမ်းသွတ်ပွဲကို ထိုင်းနိုင်ငံချင်းမိုင်ရောက်တေးဂီတအနုပညာမြတ်နိုးသူ မျိုးချစ်များ၊ သျှမ်းလူငယ်မောင်မယ်များ မတ်ချိလ ၁၆ ရက်က ချင်းမိုင်မြို့ ဆီဖူးရပ်ကွက် ဝပ်ကူတောက် ဘုန်းကြီးကျောင်းမှာ ပြုလုပ်ခဲ့ပါတယ်။

မတ်ချိ ၁၆ ရက်နံနက် ၉ နာရီမှာ ချင်းမိုင်သျှမ်းစာပေ ယဉ်ကျေးမှုကော်မတီ လူငယ်မောင်မယ်များ တေးဂီတအနုပညာ ချစ်မြတ်နိုးသူများနဲ့ စိုင်းထီးဆိုင်ရဲ့တေးချစ်သူပရိတ်သတ်အင်အား ၂၀၀ လောက်တက်ရောက်လာကြပြီး စိုင်းထီးဆိုင်ကို ရည်စူးတဲ့အလှူဒါန ကုသိုလ်ကောင်းမှု ပြုခဲ့ကြပါတယ်။

ဆွမ်းသွတ်ပွဲလာသူတွေကို သျှမ်းရိုးရာဆန်ခေါက်ဆွဲ ပဲထိုဖူးနဲ့ညှော်ခံကျွေးမွေးပြီး စိုင်းထီးဆိုင်ရဲ့သက်တူရွယ်သား၊ ကျောင်းနေဘက်တချို့က စိုင်းထီးဆိုင်ရဲ့ဘဝဇာတ်ကြောင်းတချို့ကို ပြောပြ ကြပါတယ်။

အဲဒီနောက် ဆရာဦးခွန်စိုင်းက "စိုင်းထီးဆိုင်ဟာ သီချင်းရေးစပ်သီကုံး၊ သီဆိုတဲ့နေရာမှာအရမ်း ကျွမ်းကျင်တတ်မြောက်တယ်။ သူ့ရဲ့အနုပညာနဲ့သာမက အဖိနှိပ်ခံရတဲ့ကျေးလက်တောရွာထုလုအတွက်လဲ သျှမ်းစာပေသွားရောက်သင်ကြားပေးခဲ့သေးတယ်။ သူ့အမျိုးသားရေးအကျိုးအတွက် စွမ်းဆောင်ပေးနိုင်ခဲ့တယ်" လို့ ပြောပါတယ်။

ဆက်ပြီး တေးဂီတဝါသနာရှင်များက စိုင်းထီးဆိုင်ရဲ့ သျှမ်း/ဗမာသီချင်းတွေကို ညနေ ၃ အထိအလွမ်းပြေသီဆိုဖျော်ဖြေခဲ့ကြပါတယ်။

မတ်ချိလ ၁၀ ရက် နံနက် ၅း၄၅ နာရီမှာအစာအိမ်သွေးကြောပေါက်ရောဂါနဲ့ ရန်ကုန်ဆေးရုံကြီးမှာ ကွယ်လွန်သွားတဲ့ တေးသံရှင် အနုပညာဥယျာဉ်မှူး စိုင်းထီးဆိုင်ရဲ့ ရုပ်ကလာပ်ကို နေရပ်ကို မိသားစုနဲ့အတူ ရန်ကုန်သျှမ်းစာပေယဉ်ကျေးမှုကော်မတီက မတ်ချိ ၁၂ ညနေ ၅ နာရီ ရန်ကုန်မြောက်ဥက္ကလာ ရေဝေးသုသာန်မှာ မီးသင်္ဂြိုဟ်ခဲ့ပါတယ်။

နိုင်ငံကျော်သျှမ်း/ဗမာအဆိုတော် စိုင်းထီးဆိုင်(၆၈ နှစ်)ဟာ သျှမ်းပြည်တောင်ပိုင်း လင်းခေးမြို့နယ် ဝမ့်ဟတ်ကျေးရွာအုပ်စုဇာတိ ဖြစ်ပါတယ်။ ဇနီးဒေါ်ခင်သန်းစိုး သားစိုင်းခိုင်ခမ်း၊သမီး နန်းဇမ်ဟွမ်နဲ့ နန်းယုခေါင်တို့ကျန်ရစ်ခဲ့ပြီး ရန်ကုန်မြို့ ကျောက်မြောင်းမြို့နယ်မှာ နေထိုင် ကြပါတယ်။ ၂၀၀၀ ပြည့်နှစ် စိုင်းထီးဆိုင်မွေးနေ့ ရွှေရတုထုတ် သီချင်းစာအုပ်အရ ဘဝတစ်လျှောက်မှာ သျှမ်းခေတ်ပေါ်တေးသီချင်း အပုဒ်ရေ ၅၂ ပုဒ် ကိုယ်တိုင်ရေးစပ်သီဆိုခဲ့တာ တွေ့ရပါတယ်။ တေးရေးဆရာစိုင်းခမ်းလိတ် ရေးစပ်ခဲ့တဲ့ သျှမ်း/ဗမာတေးသီချင်း အပုဒ်ရေရာနဲ့ချီ သီဆိုခဲ့သူ သျှမ်းပြည်ဖွားသျှမ်းအမျိုးသား၊ နိုင်ငံကျော် အဆိုတော် ဖြစ်ပါတယ်။

စိုင်းထီးဆိုင်ရဲ့ သျှမ်းပြည်ဖွဲ့တေးသီချင်းများကို နားဆင်ခံစားကြရတာနဲ့ သျှမ်းပြည်မရောက်ဖူးတဲ့ အခြားတိုင်းရင်းသားတွေလဲပဲ သျှမ်းပြည်သားများရဲ့ဓလေ့စရိုက်၊သျှမ်းပြည်ရဲ့အလှအပကိုမြင်ယောင်စေခဲ့ပါတယ်။ အဲဒါကြောင့် ရန်ကုန်သျှမ်းစာပေ ယဉ်ကျေးမှုကော်မတီက စိုင်းထီးဆိုင်ကို ခေတ်ပေါ်ထိပ်တန်း သျှမ်းတေးဂီတအဆိုတော်အဖြစ် ဂုဏ်ပြုချီးမြှင့်ဆုပေးခဲ့ဖူးပါတယ်။ ကွယ်လွန်ချိန်အထိ ရန်ကုန်သျှမ်းစာပေယဉ်ကျေးမှု ကော်မတီဒုဥက္ကဋ္ဌ၊ တောင်ကြီးအသင်း စည်းရုံးရေးတာဝန်ခံအဖြစ် ထမ်းဆောင်နေတုန်းပါဘဲ။

ဧပြီလ ၃ ရက်နေ့ကလည်း ဇိဏ်းလျောတေးဂီတတီးဝိုင်းအဖွဲ့ခေါင်းဆောင် စိုင်းသာဦး ဦးဆောင်ပြီး ချင်းမိုင်လူငယ်မောင်မယ်များကလဲ ချင်းမိုင်မြို့ ဆီဖူးအုပ်စု ဝပ်ပါပေါဝ့်ဘုန်းကြီးကျောင်းမှာ စိုင်းထီးဆိုင်အတွက် နောက်ထပ် အလှူဒါနပြု ကုသိုလ်ပေးဝေခဲ့ကြပါတယ်။

စိဏ်းလျောအဖွဲ့သား သျှမ်းအဆိုတော် ဆခဟ က "*ဒီနေ့ဟာ ဇိဏ်းလျောအဖွဲ့သားများနဲ့ ချင်းမိုင်သျှမ်းလူငယ်တွေ အကြောင်းရင်းနှစ်ရပ်နဲ့ အလှူဒါနပြုကြတာဖြစ်ပါတယ်။ ဇိဏ်းလျော တီးဝိုင်းခေါင်းဆောင် စိုင်းသာဦးရဲ့ ၄၄ နှစ်မြောက် မွေးနေ့နဲ့အတူ ပြီးခဲ့တဲ့လ ၁၀ ရက်က ကွယ်လွန်အနိစ္စရောက်သွားတဲ့ အဆိုတော် စိုင်းထီးဆိုင်ရဲ့ ဧပြီ ၁၀ ရက်မှာကျရောက်မဲ့ တစ်လပြည့်အလွမ်းပြေ ကြိုတင်အလှူဒါနဖြစ်ပါတယ်*" လို့ ကျောင်းထိုင်ဆရာတော်ကို လျှောက်တင်ခဲ့ပါတယ်။

စိုင်းထီးဆိုင်ဟာ သျှမ်းပြည်တိုင်းရင်းသားများအပေါ် ဘယ်လောက်ထိ ကောင်းကျိုးပြုခဲ့တယ်ထင်လို့ သူ့ကိုရည်စူးပြီး အလှူဒါနပြု ပေးရပါသလဲဆိုတာကို ဇိဏ်းလျောအဖွဲ့ခေါင်းဆောင် စိုင်းသာဦးက –

*စိုင်းထီးဆိုင်ဆုံးတဲ့သတင်း တာချီလိတ်ကနေဖုန်း ဆက်လာတယ်။ကြားကြားချင်းစိတ်မကောင်းဖြစ်မိပါတယ်။ဘာဖြစ်လို့လဲဆိုတော့ စိုင်းထီးဆိုင်ဟာကျနော်တို့ အနုပညာချစ်မြတ်နိုးသူတွေအတွက်ရော ကျနော်တို့ဇိဏ်းလျောအဖွဲ့သားများအတွက်ရော ဆရာသမားကောင်းတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့်ပါ။ သျှမ်းပြည်သားအားလုံးအတွက် ဗမာပြည်သားအားလုံးအတွက် သူ့ရဲ့တေးသီချင်းတွေဟာ ဘဝအမောပြေစေပါတယ်။ စိုင်းခမ်းလိတ်ရေးတဲ့ သူ့ရဲ့ သုတ ရသသီချင်းတွေကို ခံစားနားဆင်သူတိုင်းအတွက် ပျော်ရွှင်ကြည်နူးစေတယ်။စိုင်းထီးဆိုင်တစ်ယောက်ကောင်းရာ သုဂတိလားစေဖို့ ကျနော့်မွေးနေ့နဲ့ အတူအလှူပြုပေးရတာ ဖြစ်ပါတယ်။*

အတီးကျွမ်းကျင်သူဂီတာသမားစိုင်းဂျိမ်းစ်ကလဲ စိုင်းထီးဆိုင်ကို နှမြောတသဖြစ်ရကြောင်း –

*သူလို လူတော်ရှိပါဦးမလား၊ နောက်တစ်ယောက် ထပ်ပေါ်လာပါ့မလား။ သူ့ရဲ့အနုပညာကိုအရမ်းနှမြောမိတယ်။* ❑

# ညောင်နှစ်ပင်ညီလာခံဆန့်ကျင်သူ အပစ်ရပ် SSA စစ်သင်တန်းမှူး ကွယ်လွန်

နအဖ ညောင်နှစ်ပင်ညီလာခံဆန့်ကျင်ခဲ့သူ သျှမ်းပြည်မြောက်ပိုင်း အပစ်ရပ်SSA စစ်သင်တန်းမှူးဟောင်း ဒုဗိုလ်မှူးကြီး ဆမ်မွန်တိုးမ်(၅၇)နှစ်သည် ဦးနှောက်သွေးကြောပေါက်ကာ မတ်ချ် ၂၃ ညနေခင်းဒေသစံတော်ချိန် ၁၇း၁၅ နာရီကရှေလီမြို့မြောက်ဘက် နောင်ဆိုင်ရွာနေအိမ်၌ ကွယ်လွန်ခဲ့ကြောင်း သျှမ်းပြည်မြောက်ပိုင်းသတင်းကဆိုပါသည်။

ဒု–ဗိုလ်မှူးကြီး ဆမ်မွန်တိုးမ်သည် ၁၉၅၁ ဩဂုတ်စ်လ ၁၀ ရက် ကျောက်မဲမြို့နယ် တော့ဆန်ရွာ၌ မွေးဖွားကာ ၁၉၇၉ တွင် သျှမ်းပြည်တပ်မတော် SSA သို့ဝင်ရောက်ခဲ့၏။ SSA-N တို့အပစ်ရပ်သည့် ၁၉၈၉ နောက်ပိုင်းဆိုင်ကျော့ဌာနချုပ်၌ တာဝန်ထမ်းဆောင်စဉ် နအဖ ညောင်နှစ်ပင်ညီလာခံသို့ ကိုယ်စားလှယ်အဖြစ်သွား တက်ခဲ့ဖူးသည်။SSA ၏ နိုင်ငံရေးရည်မှန်းချက်အတွက် လွတ်လပ်စွာ အစီရင်ခံတင်ပြတောင်းဆိုခွင့်မရခြင်း၊ ထိပ်သီးခေါင်းဆောင်အချို့၏ ငြိုငြင်မှုကိုခံရခြင်းကြောင့် ဗိုလ်မှူးအဆင့်သို့ရာထူးချခံခဲ့ရသည်။ ထိုအဖြစ်ကြောင့် အဖွဲ့အစည်းမှနုတ်ထွက်အနားယူပြီး သေဆုံးချိန်အထိ တရုတ်နယ်စပ်သို့ ၂ နှစ်ကြာ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ဒု–ဗိုလ်မှူးကြီး ဆမ်မွန်တိုးမ်သည် သွေးတိုးရောဂါ ဆီးချိုရောဂါအခံရှိပြီး မတ်ချ် ၂၃ ရက် မနက်ပိုင်းတွင် ရုတ်တရက်စကားမပြောနိုင်ဖြစ်သွားသဖြင့် မိသားစုက ရှေလီဆေးရုံသို့ မနက် ၉း၃၀ နာရီတွင်ပို့ဆောင်ကုသခဲ့သည်ဟု ၎င်း၏ဇနီးကပြော၏။

၎င်းနှင့်ဆွေမျိုးတော်သူတစ်ဦးက "*ဆေးရုံရောက်တော့ ဦးနှောက်သွေးကြောတွေ ပေါက်နေပြီလို့ ဆရာဝန်ကပြောတယ်။ ပြန်ကောင်းဖို့ အလားအလာမရှိတော့ဘူးလို့ပြောတော့ ကျမတို့လဲ ဆေးရုံကားနဲ့ အိမ်ပြန်သယ်တာပေါ့၊ နေအိမ်မှာဘဲ ညနေ ၅ နာရီ ကျော်မှာ ဆုံးသွားတယ်*" ဟုပြောပြသည်။

ရုပ်အလောင်းကို မတ်ချ် ၂၄ နေ့လည်ပိုင်းက နောင်ဆိုင်သင်္ချိုင်းကုန်း၌သင်္ဂြိုဟ်ရာ ဆွေမျိုးမိတ်သင်္ဂဟများ လုပ်ဖော်ကိုင်ဖက်ရဲဘော်ရဲဘက်များ အယောက် ၄၀၀–၅၀၀ ခန့် ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့သည်ဟုဆို၏။



Photo : SSA

ဒု–ဗိုလ်မှူးကြီး ဆမ်မွန်တိုးမ်

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် တော့ဆန်အုပ်စု တော့ဆန်ရွာ၌ မွေးဖွားသည့် အဘ လုံးစိတ္တ အမိ ဒေါ်ပွဲ့ပွဲ့တို့၏ သားစိုင်းစံပ/စိုင်းယွတ်နွံ/လောင်(ဝ်)လွမ့်လင်/ဟာ့မွန်ဟော်ပ်/ဆမ်မွန်တိုးမ် ငါးမည်ရပုဂ္ဂိုလ်သည် မွေးချင်း ၈ ယောက်အနက်နံပါတ် ၅ ဖြစ်သည်။ ကျောက်မဲမြို့ မိုင်းငေါ့အုပ်စု ဝမ့်နောင်ရွာသူ နန်းခမ်းခေါင်နှင့် ၁၉၉၀ တွင် ပထမအိမ်ထောင်ပြုကာ သားတစ်ယောက်နှင့် သမီးတစ်ယောက်ထွန်းကားခဲ့သည်။ နန်းခမ်းခေါင်နှင့်လွန်ခဲ့သည့်တစ်နှစ်ကပင် ကွာရှင်းခဲ့ပြီး ၂၀၀၈နှစ်ဦးက ရှေလီနယ်နောင်တောင်းအုပ်စု ဟာယိန်းလွယ်ရွာသူ နန်းထွမ်း (အသက် ၄၅ နှစ်) နှင့်နောက်အိမ် ထောင် ထပ်ပြုလိုက်သည်။

ကွယ်လွန်သူ ဒု–ဗိုလ်မှူးကြီး ဆမ်မွန်တိုးမ်သည် ၁၉၇၃ က မန္တလေး တက္ကသိုလ်၌ မြန်မာစာအဓိကဖြင့် B.A ဘွဲ့ရပြီး ၁၉၇၄ မှ ၁၉၇၈ အထိ ၄ နှစ်ကြာနမ့်ခမ်းမြို့နယ် ကျေးလက်ဒေသများ၌ ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၉ တွင် ကျိုင်းတုံ–တာချီလိတ်သို့ ရောက်ရှိရာမှ SSA သျှမ်းပြည်တပ်မတော်သို့ ဝင်ရောက်ခဲ့သည်။ ❑

## လုံးဝပြင်ခွင့်မရှိတဲ့ နအဖဖွဲ့စည်းပုံ

"နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်တဲ့နေရာမှာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၅ ရာခိုင်နှုန်းကျော်က အတည်ပြုရမဲ့အပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နောက်တကြိမ်ကျင်းပပြီးတော့ မဲပေး ပိုင်ခွင့်လူဦးရေ ထက်ဝက်ကျော်မဲပေးမှ အတည်ပြုနိုင်မှာဖြစ်တယ်တဲ့"

"ဘယ်နိုင်ငံမှာမှ မဲဆန္ဒပေးပိုင်ခွင့်ရှိသူအားလုံးကအတည်ပြုမှ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်လို့ရတယ်ဆိုတာ ဘယ်တုန်းကမရှိခဲ့ဖူးပါဘူး။"

BLC အတွင်းရေးမှူး ဦးအောင်ထူး BBC တပါတ်အတွင်းသတင်းသုံးသပ်ချက် 05/04/2008

## လူ့အခွင့်အရေး

# SWAN ကနန်းချမ်တောင်းနဲ့ WLB တို့ IRI အမျိုးသမီးဆုရ

ပထမဦးဆုံးအဖြစ် ဒီဆုကို အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနဲ့ပူးတွဲပြီးတော့မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် WLB နဲ့သျှမ်းအမျိုးသမီးအဖွဲ့ SWANကနန်းချမ်တောင်း တို့ကိုဂုဏ်ပြုပေးအပ်တာဟာမြန်မာပြည်လွတ်မြောက်ရေးအတွက်သူတို့ဘဝကို စွန့်လွှတ်ထားလို့ဖြစ်တယ်ဆိုပြီး IRI Women Democracy Network ဒါရိုက်တာက ပြောပါတယ်။

"ကျမတို့အနေနဲ့ မြန်မာအမျိုးသမီးတွေရဲ့စွမ်းစွမ်းတမံဆောင်ရွက်ချက်တွေကို အထူးအာရုံစိုက်ပါတယ်။ သျှမ်းအမျိုးသမီးများအဖွဲ့ SWAN ကနန်းချမ်တောင်းဟာ အဖွဲ့ဝင်တဦးဖြစ်သလိုသျှမ်းအမျိုးသမီးတွေအတွက်တစိုက်မတ်မတ် ဆောင်ရွက်နေသူ တဦးလဲဖြစ်ပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်လဲပဲ ထူးခြားတဲ့အဖွဲ့ဖြစ်ပြီးတော့အဖွဲ့ဝင်အမျိုးသမီးတွေဟာ မြန်မာပြည်လွတ်မြောက်ရေးအတွက် သူတို့ဘဝတွေ ကိုစွန့်လွှတ်ထားသူတွေဖြစ်ပါတယ်"။

မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ် WLB ကိုယ်စား ဆုတက်ယူတဲ့ အထွေထွေအတွင်းရေးမှူး နန်းယဉ်က –

*"ဒီဆုကိုကျမတို့ရတာ အင်မတန်ဝမ်းသာဂုဏ်ယူမှုဖြစ်မိပါတယ်။ အဓိက မြန်မာနိုင်ငံထဲမှာရှိတဲ့ အမျိုးသမီးတွေကို အသိအမှတ်ပြုပြီးတော့ပေးတယ်လို့ ကျမတို့ခံစားရတယ်။နောက်တပိုင်းကလဲ WLB အပါအဝင် မြန်မာအမျိုးသမီးတွေက နိုင်ငံရေးလှုပ်ရှားမှုတွေ နောက်အမျိုးသမီးနဲ့ ပတ်သက်ပြီး လှုပ်ရှားနေသူတွေ၊ ပြီးခဲ့တဲ့စက်တဘ်ာတုန်းက ပြည်တွင်းမှာလူ့အခွင့်အရေးကာကွယ် စောင့်ရှောက်တဲ့ ပုန်းရှောင်နေရတဲ့ အမျိုးသမီးတွေလဲရှိတယ်။ ထောင်ကျနေတဲ့သူတွေရှိတယ်။ ထိုအမျိုးသမီးတွေကို ဂုဏ်ပြုတဲ့အနေနဲ့ပေးတယ်လို့ကျမတို့ယူဆပါတယ်။"*

အခုလိုချီးမြှင့်တဲ့ဆုထဲမှာ မြန်မာနိုင်ငံအမျိုးသမီးများအဖွဲ့ချုပ်ရဲ့ကိုယ်စားလှယ်တစ်ဦးအတွက်နာမည်ကြီးယေးလ်တက္ကသိုလ်မှာ နိုင်ငံရေးဘာသာရပ် သင်တန်းတက်ရောက်သင်ကြားဖို့ ပညာသင်ဆုလည်း ပါဝင်ပါတယ်။

ဒီဆုကို ကွယ်လွန်သွားတဲ့ IRI အဖွဲ့ဝင်ဒါရိုက်တာဂျိန်းစ်ဗက်ထရစ်ကို အမှတ်တရဂုဏ်ပြုတဲ့အနေနဲ့ ပေးအပ်တာဖြစ်ပါတယ်။ သူမဟာ ပထမဦးဆုံး ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်အမျိုးသမီးတစ်ဦးဖြစ်ပြီး အမျိုးသမီးတွေရဲ့ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းတွေမှာဦးဆောင်လှုပ်ရှားတဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။

အင်ကြွင်းနိုင် BBC 05/03/2008



## ခေါင်းဆောင်အာဘော်

# သုံးပွင့်ဆိုင်ဆွေးနွေးရန် တိုင်းရင်းသားများပြောဆိုသံ

*"ပြည်တွင်းမှာအပစ်ရပ်မွန်ပြည်သစ်ပါတီကနအဖလူထုဆန္ဒခံယူပွဲကိုကန့်ကွက်တယ်ဆိုတာရဲရဲတင်းတင်းပြောရဲတာဖြစ်တယ်။ ကျန်တဲ့လက်နက်ကိုင်အပစ်ရပ်အဖွဲ့တွေ အဲလိုရဲရဲတင်းတင်းဆက်ပြောရင် နအဖအပေါ်ဖိအားတခုအနေနဲ့ သုံးပွင့်ဆိုင်ဆွေးနွေးရေး အတွက်ဖြစ်လာမယ်။အတွင်းရောအပြင်ရောသဘောထားတစ်ခုတည်းဖြစ်မယ်ဆိုရင်နောက်ဆုံးမှာနအဖ မလွှဲမသွေလုပ်ရပါလိမ့်မယ်။"*

(KNPP **တွဲဖက်အတွင်းရေးမှူး ခူဦးရယ်**)

*"ကျနော်တို့ နိုင်ငံရေးရပ်တည်ချက်အရ သွေးစွန်းနေတဲ့ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းသင့်တယ်။ ဖြေရှင်းတဲ့နေရာမှာ သုံးပွင့်ဆိုင်ဆွေးနွေးရေးဟာ အကောင်းဆုံးနည်းလမ်းဖြစ်တယ်။တွေ့ဆုံဆွေးနွေးတဲ့နည်းလမ်းကလွှဲပြီး တခြားဖြေရှင်းနိုင်တဲ့နည်းလမ်းမျိုး မတွေ့တဲ့အတွက် တွေ့ဆုံဆွေးနွေးတဲ့နည်းလမ်းဟာအကောင်းဆုံးဖြစ်ပါတယ်။ တခြားပါတီကတော့ မိမိတို့ပါတီရဲ့ သဘောထားခံယူချက်အပေါ်မှာ မူတည်တယ်။ ဒါပေမဲ့ ဘယ်လိုဘဲဖြစ်ဖြစ်တိုင်းပြည်ဟာ အရေးကြီးတဲ့အခန်းကဏ္ဍထဲမှာ ရောက်နေတဲ့အတွက် နိုင်ငံရေးအထင်အမြင်အပေါ်မှာ ကျနော်တို့ပြသရမယ်။ ပြတ်သားမှုမရှိဘဲဝေဝါးနေရင် တနေ့ကျရင် ဒီဝေဝါးမှုဒဏ်ကိုခံစားရပါလိမ့်မယ်။ ဒါကြောင့်မို့ ကျနော်တို့ပြတ်သားမှုအပေါ်မှာ နိုင်ငံရေးပေါ်လစီဘယ်လောက်သတ်မှတ်ထားနိုင်မှာလဲ။ သတ်မှတ်မှုလွဲမှားခဲ့ရင် ကျနော်တို့ပြည်သူတွေရဲ့ ထောက်ခံမှုကို ဘယ်တော့မှရနိုင်မှာ မဟုတ်ဘူးဆိုတာကိုလဲ သတိထားဖို့လိုတယ်။ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးကို ကျနော်အကြံပြုပြောချင်တာက ကျနော်တို့နိုင်ငံရေးပေါ်လစီအပေါ်မှာ မားမားမတ်မတ်ပြတ်ပြတ်သားသားပြောဆိုကြပါ။ ကျနော်တို့အဖွဲ့အစည်းကို အားလုံးက စောင့်မျှော်နေပါတယ်။ နားစွင့်နေပါတယ်။ နိုင်ငံရေးပါတီတွေက ကျနော်တို့အပေါ် ဘယ်လောက်ပြတ်သားမှုပေးနိုင်မှာလဲဆိုတာ ပြည်သူတွေကစောင့်ကြည့်နေတာပါ။ ဒါကြောင့် ပြတ်ပြတ်သားသားနဲ့ဆုံးဖြတ်ကြပါလို့ ကျနော်က အကြံပြုချင်ပါတယ်။"*

**မွန်ပြည်သစ်ပါတီ တွဲဖက်အတွင်းရေးမှူး နိုင်အောင်မငေး**

*"တွေ့ဆုံဆွေးနွေးပွဲဖြစ်ဖို့ နအဖကဘဲ အဓိကလက်ခံဖို့ ဖြစ်တယ်။ ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေရော တိုင်းရင်းသား အင်အားစုတွေရောသုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးဖို့ တောင်းခံနေတာကြာလှပြီ။ အဓိကအတားအဆီးဖြစ်နေတာက* ***နအဖ****ဖြစ်တယ်။ ကျနော်တို့ KNU အနေနဲ့ ဒီမိုကရေစီအင်အားစုမှာလဲပါတယ်။ တိုင်းရင်းသား အင်အားတွေမှာလဲပါတယ်။ မုန့်လဲပြု ဒုတ်လဲပြတဲ့နည်း ထောက်ခံကျင့်သုံးတယ်။ မုန့်ပြတယ်ဆိုတာက နိုင်ငံတကာမိသားစုတွေကောနောက်ပြီးတော့ အတိုက်အခံအင်အားစုတွေရော အားလုံးညီညီညွတ်ညွတ်နဲ့ ရှေ့ကဆွဲတဲ့သူဆွဲ၊ နောက်ကတွန်းတဲ့သူတွန်း အဲလိုလုပ်မှဘဲရမယ်။ ဥပမာ ENC ဆိုရင်ကျနော်တို့ တိုင်းရင်းသား အင်အားစုတွေရဲ့ ပြတဲ့ဘက်က။ အနုနည်းနဲ့ နအဖကို သဘောထား ပြောင်းလာအောင်၊ သူတို့ရဲ့ ဖက်ဆစ်ဝါဒ အမုန်းတရားရှေ့ထားတဲ့ဟာကို လျှော့ပြီး မေတ္တာတရားရှေ့ထားပြီးတော့ အဲဒီစိတ်ဓါတ် ပေါ်လာအောင် မြူဆွယ်တဲ့လမ်းစဉ် ကျင့်သုံးနေတာဖြစ်ပါတယ်။ တဖက်ကလဲ ဒီမိုကရေစီအင်အားစုတွေ ကုန်သွယ်ရေးပစ်ဒဏ်ခတ်မှု၊ နောက်ပြီးသံတမန်ရေးရာအရပစ်ဒဏ်ခတ်မှု အဲဒါမျိုးတွေပေ့ါ။* ***မုန့်ပြဒုတ်ပြ ဟန်ချက်ညီညီလုပ်သွားရင်တော့ နအဖတနေ့လက်ခံလာမယ်လို့ကျနော်မြင်ပါတယ်။***

**ကရင်အမျိုးသားအစည်းအရုံး KNU**
**ပြန်ကြားရေးဌာနမှူး ဒေးဗစ်သာကပေါ်**

"၁၉၉၀ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ NLD ပါတီကို မဲအများဆုံးပေးကြတယ်။ နဝတ က NLD ကိုအုပ်ချုပ်ခွင့်မပေးတဲ့အတွက် ဒါသူပုန်ထကြတယ်။ ၁၉၉၃ ကတည်းက ၁၄ နှစ်တာ ကာလပတ်လုံး ကြာညောင်းလှတဲ့ အမျိုးသားညီလာခံမှာ စစ်တပ်ခေါင်းခေါက်ရွေးချယ်တဲ့ ချင်းအမျိုးသား ကိုယ်စားပြုပုဂ္ဂိုလ်တွေ ကြည့်မယ်ဆိုရင် စစ်မှန်တဲ့ပြည်ထောင်စု စနစ်ရလိမ့်နိုးနိုးမျှော်လင့်ချက်ရှိခဲ့ကြတယ်။ မချစ်ဘဲနဲ့အောင့်ကာနမ်းဆိုသလိုအောင့်သက်သက်နဲ့ ပြန်လာခဲ့ကြတာ တွေ့ရတယ်။ ဒီမိုကရေစီကျင့်သုံးတဲ့ နိုင်ငံတိုင်းကိုကြည့်ရင် လူမျိုးတမျိုးစီရဲ့ရပိုင်ခွင့်အတွက် သူတို့ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမှာ ဖြစ်တယ်။ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်လိုချင်ကြတယ်ဆိုတာ ချင်းပြည်သူလူထုထဲမှာတွေ့နိုင်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးရပ်တည်ချက်ကိုကြည့်မယ်ဆိုရင် ပွင့်ပွင့်လင်းလင်း တယောက်ကိုတယောက် အားမနာကြစတမ်း ပြည်တွင်းပြည်ပမှာရှိတဲ့ နိုင်ငံသားတိုင်းရဲ့ရပိုင် ခွင့်အတွက် တွေ့ဆုံဆွေးနွေးဖို့ အစည်းအဝေးခေါ်သင့်တာကြာလှပြီ။

**ကိုဆလုံး မတူပီ**

BBC 20/02/2008 မြန်မာ့အရေးကမ္ဘာ့အရေးဆွေးနွေးခန်းမှ

❑❑❑

# နအဖ အခြေခံဥပဒေ– တိုင်းရင်းသားတွေ အခွင့်အရေးဆိတ်သုဉ်း

စစ်အစိုးရခေါ် ယူကျင်းပမဲ့ အခြေခံဥပဒေမူကြမ်း လူထုဆန္ဒခံယူပွဲနဲ့ပတ်သက်ပြီး ကန့်ကွက်မဲပေးကြဖို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးက ကြေငြာနေကြသလို ENC ခေါ် တိုင်းရင်းသားလူမျိုးများကောင်စီ( ပြည်ထောင်စုမြန်မာနိုင်ငံ)ကလည်းကန့်ကွက်မဲပေးဖို့ ကြေငြာချက် ထုတ်ပြန်တိုက်တွန်းလိုက်ပါတယ်။

ENC ခေါ် တိုင်းရင်းသားလူမျိုးများ ကောင်စီ( ပြည်ထောင်စုမြန်မာနိုင်ငံ) ကထုတ်ပြန်တဲ့ကြေငြာချက်မှာပြန်သူလူထုနဲ့ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေမပါဝင်ဘဲ စစ်အုပ်စုအဘက်သတ်ရေးဆွဲထားတဲ့ အခြေခံဥပဒေမူကြမ်းဟာ စစ်အာဏာရှင်စနစ်ကို အမြန့်ရှည်တည်တံ့စေမှာ ဖြစ်တဲ့အတွက် ဒီဥပဒေကို အတည်ဖြစ်အောင် ကြိုးပမ်းတာဟာ တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာတွေ ပိုမိုရှုပ်ထွေးသွားနိုင်ကြောင်း၊ အနှစ် ၆၀ ပြည်တွင်းစစ်ကို ပိုပြီးရှည်ကြာစေနိုင်ကြောင်း စီးပွါးရေး၊ လူမှုရေးဒုက္ခမျိုးစုံနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပိုပြီးကြီးထွားစေမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။


ဒေါက်တာဆလိုင်းလျှံမှုန်း

မေလမှာ လူထုက အတည်ပြုရမဲ့ အခြေခံဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး ENC ခေါ် တိုင်းရင်းသားလူမျိုးများကောင်စီ( ပြည်ထောင်စုမြန်မာနိုင်ငံ)ရဲ့အတွင်းရေးမှူးဖြစ်တဲ့ ဒေါက်တာလျှံမှုန်းက အခုလိုဆိုပါတယ်။

*"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတော် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားတဲ့ ပြည်သူလူထုနဲ့ အဲဒီအချုပ်အခြာအာဏာကို ပြည်သူလူထုကိုယ်စားအသုံးပြုမဲ့ အစိုးရကြားမှာ ချုပ်ဆိုထားတဲ့ ပဋိညာဉ်စာတမ်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဖြစ်စဉ်တစ်ခုလုံးကို ကြည့်လိုက်လို့ရှိရင် နိုင်ငံတော် အချုပ်အခြာအာဏာကို တကယ်တမ်း ပိုင်ဆိုင်တဲ့ ပြည်သူလူထု အခန်းကဏ္ဍက လုံးဝမပါဘူး။ ဒါဟာ ပြည်သူလူထုကို စော်ကားတာဖြစ်တယ်။ အဲဒါကို ထောက်ခံမိလိုက်လို့ရှိရင် နအဖစစ်အစိုးရထင်တိုင်းကြဲတဲ့ စစ်အာဏာရှင်စနစ်အောက်မှာ တိုင်းပြည်ဆက်အုပ်ချုပ်သွားဖို့ အခွင့်အရေးပေးသလိုဖြစ်သွားမယ်။ အဲဒီအတွက်ကြောင့် မထောက်ခံသင့်ဘူးလို့ ကျနော်ပြောတာဖြစ်ပါတယ်"*

အဲဒီအခြေခံဥပဒေမူကြမ်းထဲမှာ တိုင်းရင်းသားအခွင့်အရေး စတာတွေ ရေးသားထားပေမဲ့ စစ်တပ်ကို အာဏာကုန်ပေးအပ်ထားတာမို့ အဲဒီရေးသားချက်တွေရဲ့ အနှစ်သာရဟာအလကားဖြစ်သွားနိုင်တယ်လို့လဲ ဒေါက်တာလျှံမှုန်းက မြင်ပါတယ်။

*"ဒီဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အတိုင်းအတာတစ်ခုအဖြစ် အခြေခံလူ့အခွင့်အရေးတွေ၊ တိုင်းရင်းသား***အခွင့်အရေးတွေ ရေးထားတာ မှန်ပေမဲ့ အခေါင်အချုပ်က စစ်အစိုးရသဘောမကျဘူးဆိုရင် အားလုံးကို ဟန့်တားနိုင်တယ်။ စစ်သေနာပတိချုပ်ကနေပြီးတော့ အာဏာသိမ်းနိုင်တယ်။ အာဏာသိမ်းနိုင်တဲ့အထိ အခြေခံဥပဒေက အခွင့်အလမ်းပေးထားတယ်ဆိုကတည်းက ရေးဆွဲထားတဲ့ ပုဒ်မအားလုံးကဘာမှအဓိပါယ်မရှိတော့ဘူး။ ဒါက ဟာသဘဲဖြစ် နေတယ်၊ အနှစ်သာရ***‌*မရှိတော့ဘူး။ အဲဒီအတွက်ကြောင့် တိုင်းရင်းသားတွေအခွင့်အရေးဘယ်လောက်ဘဲ ရေးထားတယ်လို့ ရေးထားလက်တွေ့ ကျင့်သုံးနိုင်မှာမဟုတ်ဘူး"*

တကယ်လို့အခြေခံဥပဒေမူကြမ်းသာ အတည်ဖြစ်သွားမယ်ဆိုရင်တိုင်းရင်းသားလူမျိုးပြဿနာဟာ ပိုမိုကြီးထွားလာမှာဖြစ်ကြောင်း၊ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ ပျောက်ပျက်ကုန်ပြီး နောက်ဆုံးပါ ပျောက်ကွယ်သွားနိုင်တဲ့ကြောင်း အခုလိုပြောပါတယ်။

*"အခုနအဖရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြည့်ရင် ကျနော်တို့ ချင်းလူမျိုးရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုတာမရှိဘူး။ ရှမ်းဆိုလဲ မရှိတော့ဘူး။ ပြည်နယ်တွေရဲ့ နာမယ်တောင်မှ ကျနော်တို့ လူမျိုးတွေရဲ့နာမည် ပေးမထားချင်တော့ဘူး။ အဲဒီကတည်းကိုက ကျနော်တို့ရဲ့ အမျိုးသားလက္ခဏာကို ရိုက်ချိုးပြီးသားဖြစ်နေတယ်။ အမျိုးသားလက္ခဏာကို ရိုက်ချိုးတယ်ဆိုလို့ရှိရင် အဲဒီအောက်မှာ ရှိနေတဲ့အခွင့်အရေးဟာလဲဘဲ ကျနော်တို့ဘယ်လိုမှ အကောင် အထည်ဖော်လို့ရမှာမဟုတ်"*

*"နောင်နှစ်ပေါင်း ၅၀ – ၁၀၀ အတွင်းမှာ ဒီပြည်ထောင်စုထဲမှာ တိုင်းရင်းသားလူမျိုးအားလုံး အမျိုးပြုတ်အောင်သူတို့ဦးတည်ပြီး လုပ်နေတဲ့ စီမံချက်ကြီးပါနေတယ်။ ဒါဟာ အင်မတန်မှအန္တ ရာယ်ကြီးပါတယ်။ အခု အခြေခံဥပဒေမူကြမ်းဟာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ ဖေါ်ဆောင်ခဲ့တဲ့ ပင်လုံစာချုပ်နဲ့ မကိုက်ညီတဲ့ အပြင် ပင်လုံစိတ်ဓါတ်ကိုလည်း စော်ကားနေတာကြောင့် ပြည်သူလူထု တစ်ရပ်လုံးအနေနဲ့ ဆန့်ကျင်ကန့်ကွက်ကြဖို့ တိုက်တွန်းရတာဖြစ်ကြောင်း"* ဒေါက်တာဆလိုင်းလျှံမှုန်းက ပြောကြားပါတယ်။

RFA (3/4/08)

**ဆောင်းပါး**

# အတိုက်အခံတွေအတွက် ထွက်လမ်းရှိပါ့မလား

ဒီနှစ်မေလမှာ ပြုလုပ်မဲ့အခြေခံဥပဒေမူကြမ်း လူထုဆန္ဒခံယူပွဲရဲ့အဆက်၊ ၂၀၁၀ လေးကြိမ်မြောက် ရွေးကောက်ပွဲမှာလည်း ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ခွင့်ပိတ်ပင်လိုက်တာဟာ ထူးဆန်းအံ့ဩဖွယ် မဟုတ်ပါဘူး။

အမျိုးသားညီလာခံက ချမှတ်ထားတဲ့အဓိကမူနဲ့ အခြေခံမူအခန်း ၃၊ နိုင်ငံ့ခေါင်းဆောင် ခေါင်းစဉ်အောက်၊ နိုင်ငံတော်သမ္မတနဲ့ တွဲဖက်သမ္မတမှာရှိရမယ့် အရည်အချင်းအခန်းမှာ သမ္မတလောင်းရဲ့ မိသားစုဟာ နိုင်ငံခြားသြဇာခံသူမဖြစ်သင့်၊ နိုင်ငံခြားသား မဖြစ်သင့် ၊ နိုင်ငံခြားကပေးတဲ့ အခွင့်အရေးကောင်းတွေ ခံစားရသူမဖြစ်သင့်–တဲ့။ ပြည်ထောင်စုရဲ့ သမ္မတဟာနိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ စစ်ရေးမှာကျွမ်းကျင်သူအတွေ့အကြုံရှိသူဖြစ်ရမယ်တဲ့။ စစ်အစိုးရက ရွေးကောက်ပွဲမှာ ဒေါ်စုမပါဝင်နိုင်အောင် အချက်ကျကျ အကွက်ဆင်လိုက်တာဖြစ်ပါတယ်။

အာဏာရဖို့၊ ထိုင်ခုံမြဲဖို့အတွက် စစ်အစိုးရဟာ နည်းအမျိုးမျိုးနဲ့ လက်ဝါးကြီးအုပ်ဝါဒကျင့်သုံးနေတယ်။ ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် မပါဝင်နိုင်အောင် ပေါ်တင်လုပ်ကြံနေတယ်။ နောက်ပြီး **NLD** ပါတီ၊ **SNLD** ပါတီနဲ့ အခြားပါတီတွေကိုလည်း ရွေးကောက်ပွဲမှာမပါနိုင်အောင်ပိတ်ပင်ဖို့ စစ်အုပ်စု အစီအစဉ်ထဲမှာတိတိကျကျ ပါရှိပါတယ်။ စစ်မှန်သောဖယ်ဒရယ်စနစ် ဆန့်ကျင်ရေးအရ၊ စစ်အာဏာရှင်အုပ်စိုးမှုဥပဒေအရ ဒီပါတီတွေကို မလိုလားဘူးဆိုတာ စစ်အစိုးရရဲ့အယူအဆဖြစ်တယ်။ ဒါပေမဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ **NLD** ပါတီ **SNLD** ပါတီနဲ့ တခြား ပါတီတွေပေါင်းလိုက်ရင် ၉၈% နဲ့အပြတ်နိုင်ခဲ့တဲ့ အချိန်တုန်းက စစ်အစိုးရဟာ ၂ % လောက်ဘဲ အနိုင်ရခဲ့တယ်။

စစ်အစိုးရဲ့အမြင်မှာတော့ ဒီ အတိုက်အခံ နိုင်ငံရေးပါတီတွေကိုပယ်ထုတ်ပြီး **USDA** ကြံ့ဖွံ့အဖွဲ့ကို အာဏာလွှဲပြောင်းပေးလိုက်ရင်ကောင်းသွားမယ်လို့ ယူဆကြတယ်။ အမှန်တော့ဒီ **USDA** ဟာ အတိုက်အခံပါတီတွေကိုဖြုတ်ဖို့ တမင်ဖွဲ့ထားတဲ့အဖွဲ့ဖြစ်ပြီးလာမဲ့ ၂၀၁၀ ရွေးကောက်ပွဲမှာ နိုင်ငံရေးပါတီအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်အောင်လည်း စီစဉ်ထားတယ်။ ဒါကြောင့်စစ်မှန်သော ဒီမိုကရေစီအစား စစ်အစိုးရ အုပ်ချုပ်တဲ့ ဒီမိုကရေစီအတုအယောင်ဘဲဖြစ်လာမယ်။

အင်ဒိုနီးရှားနဲ့ဖိလစ်ပိုင်ကလွဲလို့ အာစီယံနိုင်ငံအများစု၊ တရုတ်နိုင်ငံ၊အိန္ဒိယနိုင်ငံတွေဟာ လာမဲ့မေလရွေးကောက်ပွဲမှာ စစ်အစိုးရကို ထောက်ခံအားပေးမယ်လို့ ခန့်မှန်းထားကြတယ်။ ဒါကြောင့် ဒါတွေကို ရင်ဆိုင်ဖို့ ဘာတွေလုပ်ရမလဲ၊ ဘယ်လိုပြင်ဆင်ထားရမလဲဆိုတာ ဒီမိုကရေစီရေးလှုပ်ရှားသူတွေထည့်သွင်းစဉ်းစားထားသင့်တဲ့ အချက်ဖြစ်တယ်။

ကံဆိုးချင်တော့စစ်အစိုးရရဲ့ပြဇာတ်ဟာ **တခုကျသော ပြဇာတ်ဖြစ်တယ်။** အတိုက်အခံ ဒီမိုကရေစီ အင်အားစုတွေ၊ တိုင်းရင်းသားနိုင်ငံရေးအဖွဲ့တွေ၊ တော်လှန်ရေးအဖွဲ့ တွေလဲ အကယ်၍များအခက်အခဲရှိခဲ့ရင် **UN** ကပြုပြင်ပြောင်းလဲပေး နိုင်တဲ့ သဘောရှိတယ်။ ရွေးကောက်ပွဲအတွက် တစ်ပါတီထက်ရှိရမယ် ဆိုတာ ပြောစရာမလိုပါဘူး။ ဒါပေမဲ့စစ်အစိုးရက သူ့ဟာသူ တစ်ပါတီ တည်းအကောင်အထည်ဖော်ချင်တဲ့ သဘောရှိတယ်။

ဖြစ်စဉ်ကအတိုက်အခံ ပါတီတွေကို အမျိုးသားညီလာခံမှာ ပါဝင်ဆင်နွဲဖို့ဖိတ်ခေါ်ပေမဲ့ သူတို့ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို ကန့်သတ်ထားတယ်။ စစ်အစိုးရလမ်းညွှန်ချက်အတိုင်း လိုက်ရမယ်လို့ အမိန့်ထုတ်တယ်။ အပစ်ရပ်အဖွဲ့နဲ့ တိုင်းရင်းသားအဖွဲ့အချို့ စုပေါင်းအဆိုတင်သွင်းကြတယ်။ ဒီအဆိုပြုချက်တွေကိုလျစ်လျူရှုပြီး စစ်အစိုးရက ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ဇွတ်ရေးဆွဲခဲ့တယ်။ မေလမှာလူထုဆန္ဒခံယူပွဲလုပ်မယ်။ အခုချိန်ထိ ပြည်သူလူထုက အခြေခံဥပဒေမူကြမ်းကို မမြင်ရမဖတ်ရသေးဘူး။ စစ်အစိုးရကနိုင်ငံတကာရဲ့တုံ့ပြန်မှု၊ ပြည်သူလူထုရဲ့စစ်ဆေးမှုကိုကြောက်လို့ မူကြမ်းကိုမထုတ်လွှင့်ဘူးလို့ မြန်မာ့နိုင်ငံရေး လေ့လာသူတစ်ချို့က ပြောတယ်။ အခြေခံဥပဒေကို အသေးစိတ်ထုတ်လွှင့်လိုက်ရင်သေနိုင်တဲ့အနာစွဲဖြစ်မှာ ကြောက်လို့ဖြစ်တယ်။

ဒါကြောင့် အတိုက်အခံပါတီတွေအတွက် ရွေးချယ်စရာ နှစ်လမ်းဘဲရှိတယ်။ အခြေခံဥပဒေ လူထုဆန္ဒခံယူပွဲဖြစ်စဉ်တွေ ပျက်သွားအောင် မဲမပေးဘဲဆန္ဒပြရမယ်။ ဒါမှမဟုတ် **UN** အထွေထွေအတွင်းရေးမှူး၊ နိုင်ငံတကာဖျန်ဖြေရေးအဖွဲ့တွေထံ ကောင်းမွန်တဲ့ နိုင်ငံရေးအခြေအနေ ပြုပြင်ပြောင်းလဲရေးအတွက်တောင်းဆိုရမယ်။ ဒီလိုလုပ်ခြင်းအားဖြင့် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်နိုင်မယ်။ နိုင်ငံအနှံ့သူပုန်တွေလည်းအပစ်အခတ်ရပ်သွားနိုင်တယ်။ နိုင်ငံရေးပါတီတွေ လွတ်လွတ်လပ်လပ် မဲဆန္ဒခံယူနိုင်မယ်။ အခြေအနေတွေ အားလုံးကို ဆွေးနွေးခွင့်ရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း လူအများလက်ခံနိုင်တဲ့၊ လိုက်လုပ်နိုင်တဲ့ ကောင်းမွန်သော လူထုဆန္ဒခံယူပွဲလုပ်နိုင်မယ်။

*"အောက်ခြေကနေစတင်ရမယ်၊ ဒေါ်စုကို ရွေးကောက်ပွဲကပယ်ထုတ်မယ်ဆိုရင် လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲလို့ မဆိုနိုင်ဘူး၊ စစ်အစိုးရဟာ ယခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို စပြီးပြုပြင်သွားဖို့ လိုအပ်တယ်၊ ဒါမှစစ်မှန်တဲ့အဖြေကိုရမယ်"* လို့ အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂေါ်ဒန် ဂျွန်ဒရိုး ***(Gordon Johndroe)*** က ဖေဖော်ဝါရီ ၂၀ ရက် ဗုဒ္ဓဟူးနေ့မှာ တိုက်တွန်းခဲ့တယ်။

နောက်ဆုံးအနေနဲ့ စစ်အစိုးဟာ ခက်ခဲနက်နဲရှုပ်ထွေးတဲ့ အခြေအနေကြားက ဒီမိုကရေစီအဖြစ် ပြုပြင်ပြောင်းလဲရေးအတွက် လုံးဝမစဉ်းစားတော့ဘူးလား?၊ ဒါမှမဟုတ် ပြည်သူလူထုရဲ့သဘောဆန္ဒ အမှန်အတိုင်း ပြုလုပ်သွားမလားဆိုတာ စောင့်ကြည့်ပြီး ခန့်မှန်းနိုင်ပါတယ်။

*21-02-2008 www.shanland.org က Sai Wansai ရေးသားသော ဆောင်းပါးကို Yawd Lao ကဘာသာပြန်ထားသည်။*

# နအဖ ဖွဲ့စည်းပုံ၌ တိုင်းရင်းသားအခွင့်အရေး ပိုအလှမ်းဝေး



၂၀၀၈ မတ်ချ်လနှောင်းပိုင်းက ဒီမိုကရေစီအင်အားစုနှင့် အတိုက်အခံမီဒီယာများအကြား နအဖ၏ဖွဲ့စည်းပုံအသစ်အစစ် အမှန်ဟုတ်မဟုတ် ကနဦးပိုင်း၌အငြင်းပွားစေခဲ့သော အခြေခံဥပဒေ မူကြမ်းစာအုပ်ထွက်ပေါ်ခဲ့၏။ နအဖမှလူသိရှင်ကြားတရားဝင်ထုတ် ဝေဖြန့်ချိခဲ့သောမူကြမ်းမဟုတ်သဖြင့်အတုလား အစစ်လား အငြင်း ပွား ခဲ့ကြခြင်းဖြစ်၏။

ရက်ပိုင်းအတွင်းမှာပင်နအဖ၏အခြေခံဥပဒေအစစ်ဖြစ် မှန်းသိခဲ့ကြသည်။ ပြည်တွင်းပြည်ပတုံ့ပြန်မှုကို တစုံတရာအကဲ ဖြတ်သွေးထိုးစမ်းပြီးသကာလ၊ ဒီယုန်မြင်မှဥချိုထွင်ရန် ဥဇာနီ ဥဇာနက်ထုတ်ဖို့ နအဖတို့ဘာအကြံအစည်ထုတ်မည်ကိုတော့ ဘယ်သူမှ တပ်အပ်မသိရှိနိုင်ပေ။

ပသို့ဆိုစေ၊ ၎င်းမူကြမ်း(စာ–၂)နိဒါန်း၏နောက်ဆုံးအပိုဒ် စာကြောင်း ၃ ကြောင်း၌ *"ဖွဲ့စည်းပုံအခြေခံဥပဒေကိုသက္ကရာဇ် ခုနှစ်၊ လ၊ ရက် (ခရစ်နှစ် ခုနှစ်၊ လ၊ ရက်) နေ့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်သည်"* ဟူသောအချက် ကိုကြည့်လိုက်သည်နှင့် အာဏာသုံးလံကြုပ်နည်းအရ ဆန္ဒခံယူပွဲမှ ပြည်သူအများစု၏ အတုအယောင်ထောက်ခံမှုဖြင့် မဖြစ်မနေမလွဲ မသွေ အနိုင်ယူ မည်ဖြစ်၏။ ဆန္ဒခံယူပွဲပြီးသည်နှင့် ၎င်းကွက်လပ်ကို စိတ်တိုင်းကျ ဖြည့်ချလိုက်မည့်ပုံဖြစ်သည်။

***"အခန်း (၂) ပုဒ်မ (၅၅) နဲ့ (၅၆) ကိုကြည့်လိုက်တာနဲ့ နအဖဟာ တိုင်းရင်းသားတွေကို သူတို့ရဲ့လက်အောက်ခံအဖြစ်ဘဲထားရှိချင်တာ သိသာပေါ်လွင်နေတယ်"***

**ဗိုလ်မှူးကြီး ခွန်ဥက္ကာ**

နအဖဖွဲ့စည်းပုံကို ဂဏာသေချာလေ့လာစိစစ်အနှစ်ချုပ် လိုက်လျှင် အရပ်ဝတ်စစ်သားခါးမိုးအုပ်ချုပ်သော ( ပြည်ထောင်စု အမည်ခံသက်သက်) တပြည်ထောင်စနစ်ဖြစ်နေသည်ကို ပီပြင်စွာ တွေ့မြင်ရ ၏။ ၁၉၄၇ ဖားတပိုင်းငါးတပိုင်း ပြည်ထောင်စုဖွဲ့စည်းပုံ နှင့် ၁၉၇၄ မဆလတပါတီအာဏာရှင် တပြည်ထောင်ဖွဲ့စည်းပုံတို့ ထက် တင်းကြပ်နိမ့်ကျ၏။ တိုင်းရင်းသားပြည်သူများအဘို့ တရား မျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှုရှိသော ပြည်ထောင်စုစစ်စစ်မှု နှင့်ပို၍ကင်းဝေးသွားကြောင်း ထောက်ပြနိုင်သည်။

ပြည်ထောင်စု –ဟူသောနာမ်စားကို အလေးထားဦးစား ပေးဖော်ပြထားသည်မှာ ဖွဲ့စည်းပုံစာအုပ်မျက်နှာဖုံးနှင့် အခန်း(၁) ပုဒ်မ (၂) ပုဒ်မ(၈)တို့၌သာတွေ့ရ၏။ မာတိကာတွင်လည်းကောင်း၊ (နောက်ဆုံးအပိုဒ်တစ်ခွန်းမှလွဲ၍) နိဒါန်းတွင်လည်းကောင်း၊ ပြည် ထောင်စုစကားလုံးများ မပါရှိပေ။ပြည်ထောင်စုကြီး၊ပြည်ထောင် စု နိုင်ငံဟူသည့် အသုံးအနှုံးအစား နိုင်ငံတော်–နိုင်ငံတော်ဟုသာ ခပ်များများသုံးနှုံးထားသည်ကို ကြည့်ခြင်းအားဖြင့် တပြည်ထောင် စနစ် အနှစ်သာရအပေါ် အခြေခံကြောင်းခန့်မှန်းနိုင်သည်။

*"တိုင်းရင်းသား အခွင့်အရေးတွေ ယခင်ဖွဲ့စည်းပုံများ၌ မတွေ့စဖူး၊အထူးအခွင့်အရေးပေးထားကြောင်း"*– အချို့ကဝမ်းသာ အယ်လဲပြောခဲ့ကြသည်ကိုကြားမိ၏။ ဥပဒေပညာ၊ ဥပဒေရှုဒေါင့်၊ ဥပဒေဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက် များ မလေ့လာမသိရှိလျှင် ထင် ယောင်ထင်မှား ပိုးဝါးနိုင်၏။ စာ ၁၇ – ၁၈ ပုဒ်မ ၅၅–၅၆ ပါ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ကိုးကန့်၊ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်း များသည်၁၉၄၇ နှင့် ၁၉၇၄ ဖွဲ့စည်းပုံများထဲတွင်မပါခဲ့ဘူးသော အခွင့်အရေးများဖြစ်သည်ဟု မစားရဝခမန်း ပြောကြသူများရှိ၏။ အမှန်မှာ နအဖဖွဲ့စည်းပုံတွင် လူမျိုးစုများ၏ အမည်နာမတပ်၍ မဖော်ပြသော်မှ ဘိုးဘေးဘီဘင်လက်ထက်ကတည်းကရှိခဲ့သော နယ်မြေဒေသကို သက်ဆိုင်ရာဌာနေတိုင်းရင်းသား မည်၍မည်မျှ ပိုင်ဆိုင် စီမံခွင့်ရှိသနည်းဟူသည့် အချက်တွင်ပို၍မှုတည်ပါသည်။

တောင်ပေါ်တိုင်းရင်းသားများအဖို့ ဥပဒေပြုရေး၊ တရား စီရင်ရေး၊ စီမံခန့်ခွဲရေး၊ အချုပ်အခြာအာဏာ ၃ ရပ်ကိုမဆိုထားနှင့်၊

အခြားပြည်ထောင်စုဒီမိုကရေစီနိုင်ငံများနှင့်နှိုင်းစာလျှင်အခွင့်အလမ်းရော၊ အနှစ်သာရပါ ကွာခြားနေကြောင်း၊ မည်ကာမတ္တ ဟန်ပြအခွင့်အရေးသာရကြမည်ဖြစ်ကြောင်း နအဖ၏ အင်္ဂလိပ်ဘာသာပြန် ဥပဒေဝေါဟာရများက ဖော်ပြနေ၏။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်၊ တိုင်းဒေသကြီး၊တိုင်း/ဒေသများကို (Autonomous State, Division, Zone, Area) ဟု မသုံးနှုံးဘဲ (Self-ministered----) အဖြစ်သတ်မှတ်သုံးနှုံးခြင်းမှာကိုယ်ပိုင်အုပ်ချုပ်ခွင့် (Autonomy) ထက်အဆင့်နိမ့်နေကြောင်းသိသာ၏။ (Self - ministered) အဆင့်သည် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ဥပဒေချမှတ်မှုများတွင် ဘာမျှမပတ်သက်၊ မသိရှိ။ အထက်က ပေါ်လစီအတိုင်းသာလိုက်နာရသည့် (Autonomy လောက် လုပ်ပိုင်ခွင့်မရှိသော)အဆင့်ဖြစ်သည်။

သျှမ်းပြည်တွင်လူဦးရေနှင့် နယ်မြေဒေသအတော်အတန်ရှိသော လားဟူလူမျိုးစုကိုမူ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မပေးဘဲချန်လှပ်ထားခြင်းသည်လည်း–ကျောသားရင်သားခွဲခြားပြီးပြဿနာဆက်ရှိစေရန်နှင့် လူမျိုးရေးပဋိပက္ခများ ပိုမိုကြီးထွားစေရန် တမင်ဖန်တီးထားခြင်းဖြစ်သည်။

ပြည်နယ်၊တိုင်း၊ ဒေသများအဖို့ မိမိတို့၏ခေါင်းဆောင်အကြီးအကဲကိုရွေးခြယ်ပိုင်ခွင့် Right to Elect မရှိ။ အမည်တင်သွင်းခွင့် Right to Nominate သာရှိ၏။ သမ္မတက လက်မခံလျှင် ပယ်ချနိုင်၏။ ပြည်နယ်၊ တိုင်း၊ ဒေသဆိုင်ရာဦးစီးအဖွဲ့ဝင် ၁၀ ဦးအနက် စစ်တပ်မှ လာသော ပို၍သြဇာအာဏာရှိသူ ၄ ယောက်က ခြယ် လှယ် ဆရာ လုပ်နိုင်၏။လက်ရှိစစ်တိုင်းမှူး၊ စကခ/ဒကစမှူး၊ ဗျူဟာ မှူးများ–ပြန်ဖြစ်ဖို့များသည်။

တိုင်းရင်းသားများအဖို့ အနစ်နာဆုံးမှာ ပြည်နယ်များ တွင် လွှတ်တော်တရပ်သာ ထားခွင့်ရှိ၏။ ဘာနိုင်ငံရေး လုပ်ပိုင်ခွင့်အာဏာမှမရှိ၊ ဘာစီရင်ဆုံးဖြတ်ပိုင်ခွင့်မှမရှိသည့် ဗဟိုအစိုးရ၏ ပုံသေသတ်မှတ်မှုအောက်တွင်သာ တည်ရှိရမည်ဖြစ်သည်။ ဗဟို၏တင်းကြပ်သော ချုပ်ကိုင်မှုအောက်တွင်သာ စီမံဆောင်ရွက်ရမည်ဖြစ်သည်။ ဤအချက်များကို ဥပဒေရှုဒေါင့် Legal point of view မှ အတိအကျ စိတ်ဖြာနိုင်မှသာ(အသေးစိတ်လေ့လာရန် အချိန်ပေးနိုင်မှသာ) ပီပြင်စွာသိရှိမည်ဖြစ်သည်။

သို့ဖြစ်၍တရားမျှတ၊ တန်းတူ၊လွတ်လပ်သော ဒီမိုကရေစီပြည်ထောင်စု နိုင်ငံအချို့၏ အခြေခံဥပဒေများကို လေ့လာဘူးသူများအား–“*နအဖဖွဲ့စည်းပုံတွင်တိုင်းရင်းသား များအခွင့်အရေးပိုရှိလာသလား*” ဟုမေးလျှင်၊ မရှိရေးချမရှိဟု လိုရင်းတိုရှင်းဖြေကြမည်မလွဲပေ။

နအဖစစ်အုပ်စု၏ အဓိကရည်မှန်းချက်မှာ စစ်သားအုပ်ချုပ်ရေး တပြည်ထောင်စနစ်ကို ဥပဒေအကြောင်းအရ အသိအမှတ်ပြု Legitimate ရန်သာဖြစ်၏။ ၎င်းတို့၏ ကောက်ကျစ်သော အကြံအစည်နေသားတကျ အထမြောက်ခဲ့ပါက ဤစနစ်ဆိုးကြီးကို တွန်းလှန်ဖယ်ရှားပစ်ရန် ပို၍ခက်ခဲသွားမည်ဖြစ်၏။ ဒီမိုကရေစီ တိုက်ပွဲ၊ တိုင်းရင်းသားအခွင့်အရေးတိုက်ပွဲများလည်းပို၍ရှည်ကြာ ဘွယ်ရှိ၏။ တိုက်ခိုက်ဆဲလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များရော ချောင်ပိတ်ခံရမည့်အပစ်ရပ်အဖွဲ့များပါ ဗျာများစေမည်ဖြစ်၏။ ဤပဓါန အချက်ကြီးများကြောင့် နအဖဖွဲ့စည်းပုံပျက်ပြယ်စေရန်၊ ၎င်းတို့၏ဆန္ဒခံယူပွဲ အရှုံးပေါ်စေရန်မှာ ပြည်တွင်း ပြည်ပ အင်အားစုများ၏ မဟာတာဝန်ကြီးဖြစ်သည်။

တိုင်းရင်းသားအခွင့်အရေး– ဟူသော နိုင်ငံရေးရည်မှန်းချက်အတွက် နအဖကိုဆန့်ကျင်တိုက်ခိုက်ကြရာ၌ အုပ်စိုးသူ အာဏာသိမ်းစစ်အစိုးရတွင် အခြေခံဥပဒေမရှိလျှင်ပို၍လွယ်ကူ၏။ မည်သည့်ကြံစည်ပြောဆိုလုပ်ဆောင်မှုမျိုးမဆိုနအဖဖွဲ့စည်းပုံ တရားဝင်ဖြစ်လာစေရန် ပံ့ပိုးထောက်ကူမှုသက်ရောက်ခဲ့ပါက သူခိုးဓါးရိုးကမ်းသည်နှင့် အလားတူဖြစ်မည်။ ရှစ်လေးလုံးအရေးတော်ပုံနောက်ပိုင်း နဝတ/နအဖတို့အနှစ် ၂၀ ခန့်ဘာဖွဲ့စည်းပုံမှမရှိဘဲအုပ်ချုပ်မင်းမူလာခဲ့သည်ကို တိုင်းရင်းသားအင်အားစုနှင့်ဒီမိုကရေစီအင်အားစုများ လိုလားနှစ်သက်ခြင်းအလျဉ်းမရှိကြောင်း၊ အားမတန်မာန်လျှော့၍ ခါးစီးငုံ့ခံ လာကြခြင်းဖြစ်ကြောင်း အားလုံးနားလည်လက်ခံကြ၏။ စစ်အာဏာပိုင်တို့ကလည်းဤအချက်ကိုသိရှိ၏။

***“နအဖ၏ဆန္ဒခံယူပွဲ၌ မိမိအခွင့်အရေးကို အသုံးချ၍ ဆန့်ကျင်ကန့်ကွက်မဲသာထည့်သင့်၏”***

ထို့ကြောင့် ဥပဒေကြောင်းအရ တရားမဝင်အာဏာသိမ်းစစ်အုပ်စုဘဝမှတရားဝင်ဟန်ပြ အရပ်သားအစိုးရအဖြစ်ကူးပြောင်းရန်၊ အတုအယောင်ပြည်ထောင်စုဖွဲ့စည်းပုံအသစ် ဖန်တီးခဲ့ကြခြင်းဖြစ်သည်။ ဖွဲ့စည်းပုံရှိရှိမရှိရှိ စစ်အုပ်စုကတော့ ဆက်လက်ကြီးစိုးမင်းမူနေဦးမည်ဖြစ်၏။ဆန္ဒခံယူပွဲကျင်းပပေးခြင်းမှာ ၎င်းတို့တရားဝင်ဖြစ်လာစေရန် ကြိုးပမ်းခြင်းဖြစ်၏။

ဤအချက်ကြောင့် နအဖ၏ဆန္ဒခံယူပွဲ၌ မိမိအခွင့်အရေးကို အသုံးချ၍ ဆန့်ကျင်ကန့်ကွက်မဲသာထည့်သင့်၏။ (၁) စစ်အာဏာရှင်စနစ်ကိုအော့နှလုံးနာ ရွံရှာစက်ဆုပ်လှပြီဖြစ်ကြောင်း (၂) စစ်ဗိုလ်တမတ်သား ပါလီမန်တပြည်ထောင်စနစ်ဖွဲ့စည်းပုံကို လုံးဝမလိုလားကြောင်း ထုတ်ဖော်ပြသရန်ဖြစ်သည်။

နအဖဖွဲ့စည်းပုံ အစပြန်ကောက်ရလျှင် အခန်း(၁) အခြေခံမူများ (စာ–၃) ပုဒ်မ ၆(စ)အချက်ကိုယ်၌က ဗမာစစ်တပ်ရေရှည်စိုးမိုးရေး မဟာဗျူဟာရည်မှန်းချက်ကို အလေးထားအထူးပြုထားပြီး ဥပဒေကြောင်းအရ တရားဝင်စေရန် ဦးတည်ထားကြောင်း အထင်းသား ပေါ်လွင်၏။

အဆိုပါအခြေခံမူ ၆ ချက်မှာ ဗိုလ်ခင်ညွန့်အာဏာရှိစဉ်ကတည်းက ညောင်နှစ်ပင်ညီလာခံက ချမှတ်ခဲ့သည့် (ပြင်ဆင်ဖြည့်စွက်ထုတ်နုတ်ရန် အဖက်ဖက်၏ ဝေဖန်အကြံပြုမှုကိုတစ်လျှောက်လုံးဘူးခံငြင်းဆန်ခဲ့သော) နိုင်ငံရေးဦးတည်ချက် ၆ ရပ်ပင်ဖြစ်သည်။

ဥပဒေရှုဒေါင့် ဥပဒေဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်ဖြင့် ဆန်းစစ်

ကြည့်ပါက အချက် က–ခ–ဂ သုံးချက်သည် ဦး တည်ချက်/ အခြေခံမူ မဟုတ်။ ကြွေးကြော်သံ **Slogan** မှပြောင်းလဲသုံးနှုန်းထားခြင်းဖြစ်၏။ ပြည်သူကို နားလှည့် ပါးရိုက်ထားခြင်းဖြစ်၏။

အခြေခံမူအဖြစ်သတ်မှတ်လိုလျှင်အဖြေ **Solution** ရှိရမည် ဖြစ်သည်။

(က) ပြည်ထောင်စုမပြိုကွဲစေရန် တရားမျှတလွတ်လပ်တန်းတူသော ပြည်ထောင်စုစစ်စစ်စနစ် ဖြစ်၏လော?၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲစေရန် လူမျိုးစုအသီးသီး၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ပြည်သူများ၏ ဒီမိုကရေစီ လွတ်လပ်ခွင့်၊ ပြည်ထောင်စုသားတိုင်း၌လူသားဆိုင်ရာ ပုဂ္ဂလိက လွတ်လပ်ခွင့်များ ရှိပါ၏လော?။

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် အာဏာသုံးရပ်ကို လွတ်လပ်စွာခွဲခြား–အချင်းချင်းထိန်းညှိ၊ အပြန်အလှန်ပံ့ပိုးစေမှု၊ ကောင်းမြတ်သောအုပ်ချုပ်မှု **Good Governance** ရှိပါ၏လော?။ စစ်တပ်ကချည်း တစိုက်မတ်မတ်ရေရှည်ချုပ်ကိုင်ရတော့မည်လော?–စသည့်မူလဘူတအကြောင်းရင်းများ တစုံတရာမပါရှိပေ။

က၊ ဂ နှစ်ချက်သာ အခြေခံမူ **Principle** ဖြစ်သည်ဟု ပြောနိုင်၏။ တဖန် (နအဖ၏ အဓိက အဂ္ဂဗျူဟာအစစ် အမှန်) အချက် (စ)မှာလည်းကြွေးကြော်သံ**Slogan** မဟုတ်၊ ဦးတည်ချက်/လမ်းညွှန်မှု **Objective/ Guiding principle** မဟုတ်။ တောင်းဆိုချက် **Demand** နှင့်ပင်မရည်မှန်းချက် **Main Aim** ဖြစ်၏။

"နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက်ဦးတည်သည်"ဟူ၍ ဘောင်ခတ်လိုက်သောအချက်သည်ပင်လျှင် အလွန်အန္တရာယ်များသော မဟာအမှားကြီး ဖြစ်တော့သည်။

ညောင်နှစ်ပင် ဦးတည်ချက် ၆ ရပ်မှ နအဖဖွဲ့စည်းပုံ အခြေခံမူ ၆ ချက်ဖြစ်လာသည့် ဖြစ်စဉ် **process** ကို ဆန်းစစ်ကြည့်လျှင်အမိန့်အာဏာဖြင့်အထက်မှချပေးသော **top-down** လုပ်နည်းသာဖြစ်ပြီး ပြည်သူ့ဆန္ဒမှဆင်းသက်သော **bottom-up** လူထုလိုလားချက် အစစ်အမှန်လုံးဝမဟုတ်။ ထို့ကြောင့် ဒီမိုကရေစီလည်းမကျ၊ တိုင်းရင်းသားများရပိုင်ခွင့်လည်းမရှိကြောင်းသိသာလှ၏။ သို့ဖြစ်၍ တရားနည်းလမ်းမမှန်၊ ရေရှည်ခံဖို့အာမခံချက်မရှိ၊ တန်းတူလွတ်လပ်မှုမရ၊ လောကပါလတရားများနှင့်လည်း သွေဖည်နေ၏။

တဖန်နအဖ ဖွဲ့စည်းပုံအသုံးအနှုန်းများ၌ ပြည်ထောင်စုဝေါဟာရထက် နိုင်ငံတော်ကိုပို၍ သုံးနှုန်းထား၏။ နအဖအမိန့်ကြေငြာစာများတွင် သုံးနှုန်းသော **နိုင်ငံတော်/တပ်မတော်** စသည့် နည်းအတိုင်းပင်။ ပြည်ထောင်စုနာမ်စား အသုံးပြုမှုနည်းပါးလှသည်ကို ထောက်ရှုလျှင် ပါတီစုံတီမိုကရေစီစနစ်ထွန်းကားရေးမှာ ဘန်းပြသာဖြစ်ပြီး စစ်တပ်ပါတီ ရေရှည်အာဏာရမည့် တပြည်ထောင်စနစ်ထူထောင်ရေးကိုသာ ဦးတည်ထားကြောင်းသိသာသည်။ တပ်မတော်သည်အခြေခံဥပဒေကိုကာကွယ်ရန်တာဝန်သာရှိပြီး လိုက်နာစောင့်ထိန်းရန်တာဝန်ရှိမရှိကိုမူဖေါ် ပြမထား။ နိုင်ငံသားတိုင်း၏တာဝန်မှာမူ အခြေခံဥပဒေအတိုင်းလိုက်နာစောင့်ထိန်းရန်တာဝန်သာရှိပြီး (စစ်တပ်နည်းတူ) ကာကွယ်ရန်တာဝန်ရှိမရှိကိုမူဖေါ် ပြမထားပေ။ ဤအချက်အရ မည်သူကဥပဒေအထက် မည်သူကဥပဒေအောက်တွင်ရှိကြောင်း မသိမသာခွဲခြားပြသကဲ့သို့ပင်။

စာ ၁၇၆ အခန်း ၁၃ နိုင်ငံတော်အလံ ( ပြည်ထောင်စုအလံမဟုတ်)ကိုကြည့်လိုက်သည်နှင့်တိုင်းရင်းသားများအတွက် အလွန်အန္တရာယ်ကြီးမားကြောင်း မှတ်ချက်ချမိ၏။ မြောက်ကိုးရီးယား၊ ဗီယက်နမ်တို့ကဲ့သို့ ကွန်မြူနစ် တပါတီအာဏာရှင်ကြီးစိုးသော တပြည်ထောင်စနစ် ကိုယ်စားပြုကြယ်တစ်ပွင့်အလံများကိုပြေးမြင်မိ၏။

နအဖဖွဲ့စည်းပုံ အလံတော်၏ နောက်ခံ ဝါ၊ စိမ်း၊ နီ သုံးရောင်ခြယ်သည်ယခင်ဒို့ဗမာအစည်းအရုံးအလံမှ အလယ်ဗဟိုဒေါင်းရုပ်အဝိုင်းကိုဖယ်ရှားပြီး တလုံးတည်းသောကြယ်ဖြူဖြင့်အစားထိုးထား၏။

မဟာဗမာလူမျိုးကြီးဝါဒ အမျိုးသားရေးစိတ်ဓါတ် **Nationalism coated Chauvinism** ဆုပ်ကိုင်စိုက်ထူသော တပါတီအာဏာချုပ်ကိုင်မည့် တပြည်ထောင်စနစ် ပြယုဂ်အဖြစ်သော်လည်းကောင်း၊ တစ်ခုတည်းသော ဗဟိုစုစည်းမှု **Oneness** အရ တသွေးတသံတမိန့်(ခြေသလုံးဖက်)ညီညွတ်ရေး **Unity in One Command** ပြယုဂ်အဖြစ်သော်လည်းကောင်း၊ တင်းကြပ်သော ဗဟိုချုပ်ကိုင် စီမံကွပ်ကဲမှု **Strict Centralization** ပြယုဂ်အဖြစ်သော်လည်းကောင်း၊ကြယ်ဖြူတပွင့်တည်းက ကိုယ်စားပြုထားသည်ဟု ယူဆရသည်။

တရားမျှတခြင်း လွတ်လပ်ခြင်း ညီမျှခြင်း တည်းဟူသော လောကပါလတရား၏ တကယ့်အစစ်အမှန်အနှစ်သာရကို ကိုယ်စားပြုထားသည့် အိန္ဒိယအလံပါ ဓမ္မစက္ကနှင့်ရော၊ ကြီးငယ်မဟူ ပြည်နယ်တိုင်း အခွင့်အလမ်း အဆင့်အတန်းတူညီမျှတသည့် အမေရိကန်ပြည်ထောင်စုအလံ၏ ကြယ်ဖြူအပွင့် ၅၀ နှင့်ပါ လုံးလုံးလျားလျားကြီးခြားနားသွေဖည်သော အဓိပ္ပါယ်ဆောင်မှုဖြစ်သည်။

နောက်တချက်။ လောကပါလတရား ထွန်းကားစေရေးဟုဆိုသော်လည်း ပြည်မဗဟိုအစိုးရမှလွဲ၍ တိုင်းရင်းသားများအဖို့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခွင့်မရှိ။ ဥပဒေပြုအာဏာတွင်လည်း ဗဟိုနှင့်ပြည်နယ်အကြား များစွာကွာဟ၏။ ဗဟိုက ၁၂၈ ခုအထိဥပဒေပြုခွင့်ရှိသော်လည်းပြည်နယ်အသီးသီးအဖို့ ၁၀ ခုခန့်သာဥပဒေပြုခွင့်ရှိ၏။ အဆိုးဆုံးမှာ ပြည်နယ်များအား ထပ်တူဥပဒေပြုခွင့်မပေးသည့်အချက်ဖြစ်၏။ အပစ်ရပ် ၁၃ ဖွဲ့စုပေါင်း၍ ဤအချက်ကို ညောင်နှစ်ပင်ညီလာခံတွင် တင်ပြတောင်းဆိုဖူးသော်လည်း ချောင်ထိုးပယ်ချခြင်း ခံခဲ့ရသည်။ ဤအချင်းအရာများကို ထောက်ရှုလျှင်လည်း ဗဟိုချုပ်ကိုင်မှုတင်းကြပ်သော တပြည်ထောင်စနစ်သာဖြစ်ကြောင်းသိသာထင်ရှားလှသည်။

လူမျိုးစုပြည်နယ်များအတွက် ဘဏ္ဍာရေးစီမံခန့်ခွဲခွင့် **Financial Autonomy** နှင့်စီးပွါးရေး စီမံကိန်းဆိုင်ရာလွတ်လပ်ခွင့်ကဏ္ဍကြည့်ပြန်လျှင်လည်း မြေပေါ် မြေအောက် ရေပေါ် ရေအောက် သယံဇာတမှန်သမျှကို(နိုင်ငံတော်/အာဏာပိုင်ဗဟိုအစိုးရ/စစ်တပ်)ကချည်းပိုင်ဆိုင်

**စာမျက်နှာ (34) သို့**

# နိုင်ငံတကာလူထုဆန္ဒခံယူပွဲ လုပ်ထုံးလုပ်နည်းစံ

- ♦ လွတ်လပ်မှုရှိ (free)
- ♦ တရားနည်းလမ်းကျ – မျှတမှန်ကန် (fair)

## လွတ်လပ်မှုကဘာကိုဆိုလိုတာလဲ

- ♦ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိ (ဘာမှ အပြစ်ပေးအရေးယူမှုမရှိ)
- ♦ လွတ်လပ်စွာ စုဝေးစည်းရုံးလှုပ်ရှားခွင့်ရှိ
- ♦ တိုင်းပြည်ရဲ့ပြဿနာ အဝဝကို အသိပေးတင်ပြနိုင်ဘို့ လွတ်လပ်တဲ့သတင်းမီဒီယာလဲရှိ

## တရားနည်းလမ်းကျ– မျှတမှန်ကန်မှုဆိုတာဘာလဲ

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေမူကြမ်းကို (ဆန္ဒခံယူပွဲကျင်းပချိန်မတိုင်မီ) တိုင်းသူပြည်သားတွေ ၂လ–၃လ ကြိုတင်ဖတ်ရှုလေ့လာနိုင်အောင် တပြည်လုံးအနှံ့ အခမဲ့ထုတ်ဝေဖြန့်ချိမှုရှိ

- ♦ မိမိဆန္ဒအလျောက် လွတ်လပ်စွာမဲထည့်နိုင်
- ♦ မဲဆန္ဒရှင်အဖို့ ဘာမဲထဲ့ထဲ့ သူများသိမှာကိုစိုးရိမ်စရာမလို
- ♦ လွတ်လပ်တဲ့သတင်းမီဒီယာတွေ ဟုတ်တိုင်းမှန်ရာထုတ်ဖော်အသိပေးတင်ပြနိုင်
- ♦ ဆန္ဒခံယူပွဲစည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းအတိုင်း ဖြောင့်မတ်တဲ့လိုက်နာကျင့်သုံးမှုဟုတ်မဟုတ် အားလုံးသိခွင့်ရှိ။
- ♦ မဲဆန္ဒတွေကိုတိကျမှန်ကန်စွာရေတွက်
- ♦ မဲဆန္ဒရေတွက်ချိန်မှာလူအများလွတ်လပ်စွာကြည့်ရှုလေ့လာခွင့်ရှိ
- ♦ ထွက်ပေါ်လာတဲ့ရလဒ်အတိုင်းအားလုံးတလေးတစားလက်ခံအသိအမှတ်ပြု

## လူထုဆန္ဒခံယူပွဲမှာ လွတ်လပ်မှု၊ တရားနည်းလမ်းကျမှု (free and fair) ရှိ–မရှိဘယ်လိုသိနိုင်သလဲ

(၁) လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ပြောဆိုခွင့်ရသလား။
☐ ရ ☐ မရ

(၂) လွတ်လပ်စွာစုရုံးခွင့်၊ ပညာပေးစာရွက်စာတမ်းများ ဝေငှခွင့်နဲ့ စည်းရုံးလှုပ်ရှားခွင့်ရသလား။
☐ ရ ☐ မရ

(၃) ဆန္ဒခံယူပွဲဆိုင်ရာ စုရုံးရှင်းလင်းမှုတွေမှာ လွတ်လပ်စွာပါဝင်ပြောဆိုဆွေးနွေးခွင့်ရသလား။
☐ ရ ☐ မရ

(၄) အသက် ၁၈နှစ်ပြည့်သူတိုင်းဆန္ဒမဲပေးခွင့်ရသလား။
☐ ရ ☐ မရ

(၅) အသက် ၁၈ နှစ်ပြည့်ပေမဲ့ ဆန္ဒခံယူပွဲပေးခွင့်တားမြစ်ခံရရင် တရားနည်းလမ်းကျသလား။
☐ နည်းလမ်းကျ ☐ နည်းလမ်းမကျ

(၆) ဆန္ဒမဲပေးခွင့်ရှိသူတွေအပေါ် အာဏာပိုင်တွေရဲ့ ခြိမ်းခြောက်မှုရှိပါသလား။
☐ ရှိ ☐ မရှိ

(၇) အာဏာပိုင်တွေကငွေကြေးက၊ ပစ္စည်း၊ ကတိကဝတ်တွေပေးပြီး ထောက်ခံမဲပေးဖို့သိမ်းသွင်းမက်လုံးပေးတာတွေရှိသလား။
☐ ရှိ ☐ မရှိ

(၈) ဆန္ဒမဲပေးခွင့်ရှိသူတွေအဖို့ မိမိတို့ရဲ့အခွင့်အရေးနဲ့ တာဝန်ဝတ္တရားကို နားလည်သဘောပေါက်ပါသလား။
☐ နားလည် ☐ နားမလည်

(၉) တိုင်းရင်းသားလူမျိုးစုတွေ မိမိအခွင့်အရေးကို သိရှိနားလည်ပါသလား။ မိမိအခွင့်အရေးကို အသုံးချဝံ့ပါသလား။
☐ နားလည် ☐ နားမလည် ☐ ရဲဝံ့ ☐ မရဲဝံ့

(၁၀) မဲရုံကိုသွားဖို့ ခက်ခဲပါသလား။
အနှောင့်အသွား အတားအဆီးများပါသလား။
☐ ခက်ခဲ ☐ မခက်ခဲ

(၁၁) ဆန္ဒမဲပေးခွင့်ရှိသူတွေအတွက် လွတ်လပ်စွာလျှို့ဝှက်မဲပေးခွင့်ရကြပါသလား။
☐ ရ ☐ မရ

(၁၂) မဲရုံကြီးကြပ်သူ ဆန္ဒခံယူပွဲကော်မရှင် အဖွဲ့ဝင်တွေ ကြားနေဘက်မလိုက်၊ သမာသမတ်ကျမှုရှိပါသလား။
လွတ်လပ်ခွင့်ပေး ပါသလား၊ လာဘ်ပေး လာဘ်ယူရှိပါသလား။
☐ ကြားနေဘက်မလိုက် ☐ ကြားမနေဘက်လိုက်
☐ လွတ်လပ် ☐ မလွတ်လပ်
☐ လာဘ်စား ☐ လာဘ်မစား

(၁၃) သတင်းမီဒီယာ (သို့မဟုတ်) ဆန္ဒခံယူပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့တွေ လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုတင်ပြခွင့်ရကြပါသလား။
☐ ရ ☐ မရ

(၁၄) ဆန္ဒခံယူပွဲဆိုင်ရာတရားဝင် စာရွက်စာတမ်းတွေ သိသင့်သိထိုက်တဲ့ အချက်အလက်တွေမေးမြန်းတောင်းခံရင် အလွယ်တကူရနိုင်သလား။
☐ လွယ် ☐ မလွယ် ☐ လုံးဝမရ

(၁၅) ဆန္ဒမဲထည့်တာ၊ မဲရေတွက်တာ၊ မဲရလဒ်ထုတ်ပြန်တာတွေ ထင်သာမြင်သာဖြစ်မှုနဲ့ လုံခြုံစိတ်ချရမှုရှိသလား။
☐ ရှိ ☐ မရှိ

(၁၆) ဆန္ဒမဲတွေ မှန်ကန်စွာနဲ့ ဖြောင့်မတ်ရိုးသားစွာ ရေတွက်မှုရှိသလား။
အပြင်လူတွေ ကောင်းမွန်စွာ ကြည့်ရှုခွင့်ရပါသလား။
☐ ရှိ ☐ မရှိ ☐ ရ ☐ မရ

(၁၇) ဆန္ဒခံယူပွဲပြီးဆုံးသွားတော့ မဲပေးမှုနဲ့စပ်လျဉ်းပြီး (အာဏာပိုင်တွေအပေါ် ဝတ္တရားနှောင့်ယှက်မှု၊ ဆန္ဒခံယူပွဲ ဆန့်ကျင်ဖောက်ဖျက်မှုစွဲချက်နဲ့) အပြစ်ပေးအရေးယူ ဖမ်းဆီးခံရသူတွေရှိသလား။
☐ ရှိ ☐ မရှိ

ရှိရင် ဘယ်လိုသိရှိသလဲ (ဘ–ဖလုံး) ————————————

# မေလဆန္ဒခံယူပွဲမှာ ဘာကိုမဲပေးသင့်သလဲ




တိုင်းပြည်ကို ၄၆ နှစ်ကြာအုပ်ချုပ်လာခဲ့တဲ့စစ်အုပ်စုက ၉/၂/၂၀၀၈ ရက်နေ့မှာ ကြေငြာချက်ကြီးတခု ထုတ်ပြန်လိုက် တယ်။

▲ ၁၉၉၃ ကတည်းက ရေးဆွဲလာခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြီးစီးခါနီးပြီ။

▲ ၂၀၀၈ မေလမှာ ဖွဲ့စည်းပုံအသစ်ကို လက်သင့်ခံ/ မခံ လူထုဆန္ဒခံယူပွဲကျင်းပမယ်။

တဆက်ထဲမှာဘဲ အဲဒီအတွက် ဇောက်ချလုပ်ဆောင်လာတော့တယ်။

● အသက် ၁၈ နှစ်အထက် သက်သေခံကတ်ပြားမရှိသူတွေ ဆန္ဒမဲပေးခွင့်ရှိအောင်ယာယီလက်မှတ်တွေလုပ်ပေး၊အိမ်ထောင်စုစာရင်းတွေ စီစစ်/ထုတ်ပေးဖုတ်ပူမီးတိုက်ဆောင်ရွက်လာကြတယ်။

● မေလဆန္ဒခံယူပွဲမှာ မဖြစ်မနေမဲသွားထည့်ကြဖို့စည်းရုံးတိုက်တွန်းတာတင်မက ဖွဲ့စည်းပုံသစ်ထောက်ခံမဲကိုဘဲထည့်ဖို့ နည်းအမျိုးမျိုးနဲ့အကြပ်ကိုင်ခြိမ်းခြောက် လာတယ်။

အဲဒါကြောင့် ဆန္ဒမဲသွားပေးမယ်၊ မသွားဘူး။ မဲသွားပေးရင် ထောက်ခံမဲပေးမလား၊ ကန့်ကွက်မဲပေးမလား ဆိုတာမဆုံးဖြတ်ခင် ဦးစွာဝေဖန်ဆန်းစစ် စဉ်းစားသုံးသပ်သင့်ပါတယ်။

❑ နအဖက ဘာ့ကြောင့်ဖွဲ့စည်းပုံအသစ်ရေးဆွဲပြီး ကျနော်တို့ ပြည်သူကို ဘာဖြစ်လို့ထောက်ခံမဲပေးခိုင်းရတာလဲ?

❑ နအဖရေးဆွဲတဲ့အခြေခံဥပဒေဟာဘယ်သူ့အတွက်လဲ၊ သူတို့အတွက်လား–ပြည်သူအတွက်လား။

❑ ထောက်ခံလိုက်ရင် စစ်အုပ်စု ဘာဖြစ်သွားမလဲ၊ ပြည်သူတွေ ဘာဖြစ်သွားမလဲ။

❑ ကန့်ကွက်မဲပေးလိုက်ရင် စစ်အုပ်စုအတွက်ဘာ ဖြစ်မလဲ၊ ပြည်သူတွေဘာဖြစ်မလဲ။

ဒါတွေကိုကျေကျေလည်လည်သိရှိနားလည်မှမဲဆန္ဒပေး/မပေး။ မဲပေးရင်လဲ ကန့်ကွက်မလား၊ ထောက်ခံမလားဆိုတာ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နိုင်မှာဖြစ်တယ်။

**နအဖက ဘာကြောင့် ဖွဲ့စည်းပုံအသစ်ရေးဆွဲပြီး ကျနော်တို့ ပြည်သူကို ဘာဖြစ်လို့ထောက်ခံမဲ ပေးခိုင်းရတာလဲ။**

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှာအခြေခံဥပဒေလို့ခေါ်တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံတွေရှိကြပါတယ်။ တိုင်းပြည်ကိုအုပ်ချုပ်တဲ့ အကြီးအကဲတွေလိုက်နာကျင့်သုံးဖို့နဲ့ အအုပ်ချုပ်ခံပြည်သူလူထု လွတ်လပ် ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုရရှိခံစားဖို့အတွက်ဖြစ်တယ်။

ဖွဲ့စည်းပုံမရှိရင်၊ ရှိလျက်နဲ့ လိုက်နာကျင့်သုံးမှုမရှိရင်၊ အခြားနိုင်ငံတွေအတွက် နိမ့်ကျရိုင်းစိုင်းတဲ့ လူဆိုးလူမိုက်တွေရဲ့ တိုင်းပြည်အဖြစ်အမြင်ခံရတတ်ပါတယ်။ ရပ်ထဲရွာထဲမှာနေပြီး စည်းမရှိကမ်းမရှိ၊ ငါ့လှေငါထိုး–ငါ့မြင်းငါစိုင်း လုပ်ချင်ရာလုပ်တဲ့ လူ့ဗာလကို ရပ်ရွာလူထုက ရွံ့မုန်းကြသလိုပါ။ ပြဿနာတက်တာနဲ့ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လက်ညှိုးငေါက်ငေါက် အထိုးခံရတတ်တယ်။ ပစ္စည်းပစ္စယ ဝေခွဲပေးကမ်းစွန့်ကြဲစရာရှိလာရင်လဲ သူများတွေရဲ့ အကြွင်းအကျန်လောက်ကိုဘဲ နောက်ဆုံးမှရတတ်ပါတယ်။

စစ်အုပ်စုဟာ တဘက်မှာတိုင်းပြည်ရဲ့အရှင်သခင်ဖြစ်ပြီးရင်းဖြစ်ပြီး ပြည်သူတွေအပေါ်ဆက်အနိုင်ကျင့်သွားချင်တယ်။တခြားတဘက်မှာလဲ

ပြည်တွင်းပြည်ပရဲ့ဥပဒေကြောင်းအရတရားဝင်အသိအမှတ်ပြုမှုကိုလိုချင်တယ်။ ပြဿနာထပ်ရှိလာရင်သူချည်းဘဲအစွပ်စွဲမခံရလေအောင်သူများတွေလို ရရှိခံစားနိုင်တဲ့ အခွင့်အရေးရရှိလာအောင် နည်းလမ်းရှာချင်တယ်။ အဲဒါကြောင့် ဒီလိုလုပ်လာတာဖြစ်တယ်လို့–ဗမာပြည်နိုင်ငံရေးလေ့လာသူတွေက ဝေဖန်ထောက်ပြကြပါတယ်။

***"စစ်အုပ်စုဟာ ဥပဒေနဲ့***
***မညီညွတ်တဲ့မင်းဆိုးမင်းညစ် (illegal despot)***
***ဘဝကနေ ဥပဒေကြောင်း အရ***
***တရားဝင်မင်းဆိုးမင်းညစ် (legitimate despot )***
***မဖြစ်ဖြစ်အောင် အရေခွံလဲ***
***ကူးပြောင်းဘို့ဘဲဖြစ်တယ်ဆိုတာ***
***ကွက်ကွက်ကွင်းကွင်းမြင် သာပါတယ် "***

**နအဖရေးဆွဲတဲ့ အခြေခံဥပဒေဟာ ဘယ်သူ့အတွက်လဲ? သူတို့အတွက်လား၊ ပြည်သူတွေအတွက်လား။**

ဒီဖွဲ့စည်းပုံကိုစတင်ရေးဆွဲကတည်းက နအဖကဦးတည်ချက်(အခြေခံမူ) ၆ ရပ်ချမှတ်ခဲ့တယ်။

- ပြည်ထောင်စုမပြိုကွဲရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
- စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံစနစ်ထွန်းကားရေး
- တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး
- အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး ---

ဒီအချက်တွေအပေါ်မှာအတိုက်အခံအဖွဲ့အစည်းတွေနဲ့ ပညာရှင်တွေ၊နိုင်ငံရေးလေ့လာသူတွေက အမျိုးမျိုးဝေဖန်သုံးသပ်ကြပါတယ်။ တူညီတာတွေကတော့–

■ ဘာဘဲလုပ်လုပ် ဦးတည်ချက် အခြေခံမူရှိရမယ်။ အခြေခံမူရှိမှဘဲ စည်းမျဉ်းစည်းကမ်းဘောင်ထဲကနေ ပြောနိုင်လုပ် နိုင်မယ်။ အတူတကွ ဒွန်တွဲနေထိုင်ကြဖို့အတွက် ပြောနိုင်လုပ်နိုင်အောင် ဘယ်အခြေခံမူတွေ ရှိရမယ်ဆိုတာအဆင့်ဆင့်ဆွေးနွေး ညှိနှိုင်းသဘောတူကြရမှာဖြစ်တယ်။ အဲဒီနည်းနာကိုအောက်ခြေကနေ အထက်သို့တင်ပြမှု (Bottom-up ) လို့ခေါ်ကြပါတယ်။

ပြည်နယ်တိုင်း ကိုယ်ပိုင်အုပ်ချုပ်မှုခွင့်အာဏာအပြည့်အဝရှိရမယ်။ ဒီမိုကရေစီ အခွင့်အရေးတွေရှိရမယ်လို့ ပင်လုံစာချုပ်မှာသဘောတူဆုံးဖြတ်ခဲ့တာတွေဟာ ပြည်ထောင်စုကြီးကိုအုပ်ချုပ်သွားမဲ့ ခေါင်းဆောင်တွေအတွက် လမ်းညွှန်အခြေခံမူဖြစ်တယ်။

ဒါပေမဲ့ နိုင်ငံ့ခေါင်းဆောင်တွေက လိုက်နာကျင့်သုံးမှုမရှိခဲ့တာတင်မက အဲဒီလမ်းညွှန်အခြေခံမူတွေကိုတောင် ဖျက်ဆီးကြောခိုင်းလို့ကနေ့အထိ တိုင်းပြည်ကမောက်ကမ– ဖြစ်၊ ဒုက္ခပင်လယ်ဝေနေရတာဖြစ်တယ်။

အခုလဲပဲနအဖစစ်အုပ်စုကဘယ်သူ့ကိုမှမတိုင်ပင်ဘဲ၊ တိုင်းရင်းသား ပြည်နယ်တွေရဲ့ဆန္ဒကိုမယူဘဲ အဲဒီအခြေခံမူ ၆ ချက်ကို သူတို့ဘာသာဆုံးဖြတ်ချမှတ်ခဲ့တယ်။ အဲဒီနည်းနာကိုအထက်ကနေ အောက်ခြေအပေါ်ညွှန်ကြားချပြတဲ့ (Top-down) နည်းလို့ခေါ်တယ်။ ဒီနည်းဟာ တာရှည်သွားလို့ရမှာမဟုတ်ပါဘူး။ ပဋိပက္ခသံသရာတွေ မဆုံးတမ်း ရှုပ်ယှက်ခတ်ဦးမှာဖြစ်တယ်။

■ ပြည်သူတွေနဲ့တိုင်းရင်းသားအုပ်စုတွေက နအဖရဲ့အခြေခံမူ ၆ ချက်အပေါ်စဉ်းစားသုံးသပ်ပြီး အများစုအဖို့အချက် ၁–၅ ကို လက်သင့်ခံနိုင်ကြတယ်။ ဒါပေမဲ့ အနာဂတ်နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ စစ်တပ်ကပါဝင်ရမယ်ဆိုတဲ့ ၆ ချက်အပေါ်ကိုကျတော့ အများစုက ၂ မျိုး ၂ ဖုံ ရှုမြင်ကြပါတယ်။

▲ တချို့က လုံးဝလက်မခံနိုင်ဘူးလို့ ဆိုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီမိုကရေစီဆိုကတည်းက ပြည်သူ့အုပ်ချုပ်ရေးဖြစ်တယ်။ စစ်တပ်အုပ်ချုပ်ရေး မဟုတ်ဘူး။ တကမ္ဘာလုံးကဒီမိုကရေစီနိုင်ငံတွေမှာ ဒီလိုချည်းဘဲလို့ အကြောင်းပြကြပါတယ်။

▲ တချို့ကလည်း ယာယီအားဖြင့်လက်ခံနိုင်တယ်။ နေသားတကျမဖြစ်သေးတဲ့ ပြုပြင်ပြောင်းလဲရေး စပ်ကူးမတ်ကူးကာလ ( transitional period ) ထဲမှာ စစ်တပ်အုပ်ချုပ်ရေးကနေ ပြည်သူ့အုပ်ချုပ်ရေးဆီ ကူးပြောင်းဘို့ဆိုရင်တော့ရပါတယ်။ ဒါပေမဲ့ ပြည်သူ့အုပ်ချုပ်ရေးစနစ် နေသားတကျဖြစ်သွားတာနဲ့ စစ်တပ်ကလဲ နိုင်ငံရေးမှာ ဦးဆောင်ပါဝင် ဘို့ မလိုတော့ဘူး။ နိုင်ငံရေးလုပ်ချင်ရင် (ဗိုလ်ချုပ်အောင်ဆန်းလို) ယူနီဖောင်းချွတ်၊ တပ်ကထွက်ရလိမ့်မယ်– လို့ပြောကြပါတယ်။

***"နအဖဖွဲ့စည်းပုံဟာ***
***ပြည်သူလူထုအကျိုးစီးပွားအတွက် လုံးဝ***
***မဟုတ်ဘူး။ စစ်အုပ်စုအတွက်၊***
***စစ်တပ်ထိပ်သီးဗိုလ်ချုပ်ကြီးများရဲ့***
***အကျိုးစီးပွားအတွက် သက်သက်ဖြစ်ပါတယ်"***

ဘာဘဲဖြစ်ဖြစ် အခြေခံမူအချက် ၆ က မရမက ပါဝင်နေတယ်ဆိုရင် အချက် ၁–၅ ကျန်ငါးချက်စလုံးလဲ ဘာမှ အဓိပ္ပာယ်ရှိတော့မှာမဟုတ်ဘူး–လို့ အတိုက်အခံတွေရော ပညာရှင်တွေပါတူညီတဲ့ အမြင်ရှိကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စစ်တပ်ကအာဏာသိမ်းအုပ်ချုပ်လာလို့ကျူးကျော်စစ်ပြည်တွင်းစစ်တွေဖြစ်လာတယ်။ ပြည်ထောင်စုကြီးလဲ ၁၉၆၂ ကစပြီး တစတစပြိုကွဲလာတယ်။ ခွဲခြားအုပ်ချုပ်မှု၊ အနိုင်ကျင့်ဝါးမြိုမှု၊ တိုင်းရင်းသားအခွင့်အရေးဆုံးရှုံးမှုတွေ ရှိလာလို့ စည်းလုံးညီညွတ်မှုလဲ ပြိုကွဲလာတယ်။ အချုပ်အခြာအာဏာ ကလဲ လျော့ရဲလှုပ်ရှ ကျဆင်းလာတယ်။ အဲဒါတွေရဲ့ဇစ်မြစ်ဟာ စစ်တပ်ကတိုင်းပြည်ကာကွယ်ရေးတာဝန်အလုပ်ကိုမလုပ်ဘဲ နိုင်ငံ့အုပ်ချုပ်ရေး

အလုပ်ကို အတင်းလု ဝင်လုပ်လာလို့ဖြစ်တယ်။

၁၉၆၂ / ၁၉၈၈ တွေမှာအာဏာမသိမ်းဘဲ ပြည်သူတွေကိုယ့်ကြမ္မာကိုယ် လွတ်လပ်စွာဖန်တီးခွင့်ပေးခဲ့ရင် ဒီပြည်ထောင်စုအတုတိုင်းပြည်ဟာ အိမ်နီးနားချင်းတိုင်းပြည်တွေထက် မကြီးပွားမတိုးတက်ရင်တောင်မှ ကနေ့လိုမျိုးချွတ်ခြုံကျ ဆုတ်ယုတ်ပျက်ပြားနေမှာ မဟုတ်ဘူး။

နအဖတို့ ဆုံးဖြတ်ချမှတ်ခဲ့တဲ့ အခြေခံမူ ၆ ချက်ထဲမှာ အချက် ၁–၅ က ပြည်တွင်းပြည်ပ အမြင်ကောင်းစေဖို့ အတွက်ဘဲ ဖြစ်တယ်။ တကယ့်ဦးတည်ရည်မှန်းချက် အစစ်အမှန်မဟုတ်ဘူး။ တကယ့်အခြေခံမူကတော့ ဗမာစစ်တပ် (သို့) စစ်တပ်ထိပ်သီး ဗိုလ်ချုပ်ကြီးတွေ ရေရှည်အရှင်သခင်ဖြစ်ရေးကိုဘဲဦးတည်တယ်လို့– ပညာရှင်တွေ အတိုက်အခံတွေထောက်ပြကြပါတယ်။

နအဖဖွဲ့စည်းပုံ အခြေခံမူဖြစ်လာဖို့ ညောင်နှစ်ပင် ညီလာခံက ဦးတည်ချက် ၆ ရပ်ကို ဂကဏာနဆန်းစစ်ကြည့်ရင် စစ်အုပ်စုဟာ ဥပဒေနဲ့ မညီညွတ်တဲ့မင်းဆိုးမင်းညစ်( illegal despot) ဘဝကနေ ဥပဒေကြောင်းအရ တရားဝင်မင်းဆိုးမင်းညစ် ( legitimate despot ) မဖြစ်ဖြစ်အောင် အရေခွံလဲ ကူးပြောင်းဘို့ဘဲဖြစ်တယ်ဆိုတာ ကွက်ကွက်ကွင်းကွင်းမြင်သာပါတယ်။

▲ အကျယ်ချုပ်ကျခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်တို့၊ နှစ်ရှည်ထောင်ကျ ခွန်ထွန်းဦးတို့ဆိုရင် နိုင်ငံ့ခေါင်းဆောင် ဖြစ်ခွင့်ရဘို့ လုံးဝအရိပ်အရောင်မရှိ။

▲ ပြည်သူတွေ အခွင့်အရေးချိုးဖောက်မှု နောက်ထပ်မခံရတော့ဘူး ဆိုတာ ဘာအာမခံချက်မှမရှိ။

▲ စစ်တပ်ကလာတဲ့ နိုင်ငံတော်သမ္မတလက်ထဲမှာ အာဏာတွေ စုပုံနေတယ်။ (စစ်သားက အာဏာမှန်သမျှ ဆုပ်ကိုင်ထားတယ်။)

▲ ပြည်နယ်ဝန်ကြီးတွေဆိုတာလဲ ဘာနိုင်ငံရေး၊ အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်မှ မရှိတဲ့အတုအယောင် ရုပ်သေးဝန်ကြီးတွေ ဖြစ်တယ်။ ဘာလို့လဲဆိုတော့ စစ်တပ်က အာဏာချုပ်ကိုင်ထားလို့ဘဲ။

♦ စစ်တပ်အကြီးအကဲတွေ ပြစ်မှုကျူးလွန်ရင် တရားရေးဌာနက အကာအကွယ်ပေးနိုင်တယ်။ ဘက်လိုက်ပံ့ပိုးမှု ပေးနိုင်တယ်။

♦ တိုင်းရင်းသားလူထုက တရားဥပဒေရဲ့ အကာအကွယ်ကိုရနိုင်အောင် ပြည်သူလူထုအပေါ်လူ့အခွင့်အရေး ဖောက်ဖျက်မှုတွေ မကျူးလွန်ပါနဲ့တော့လို့ စစ်တပ်ကို (အသနားခံ ပန်ကြား) ဟန့်တားဘို့ ပြည်သူကရွေးကောက်တင်မြှောက်ထားတဲ့ ဥပဒေပြုရေးဌာန (legisture )ကိုအားထားလဲပဲ ဘာဥပဒေမှ မပြဋ္ဌာန်းနိုင်ဘူး။

♦ ပြည်နယ်တွေရဲ့ ဥပဒေပြုအဖွဲ့ဝင် ၃၃ ရာခိုင်နှုန်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကဘဲ ရွေးခြယ်ခန့်အပ်ပေးမယ်။

♦ တပြည်လုံးရဲ့ဥပဒေပြုအဖွဲ့ဝင် ၂၅ ရာခိုင်နှုန်းကလဲပဲကာကွယ်ရေးဦးစီးချုပ်ကဘဲ ရွေးခြယ်ခန့်အပ်ပေးမှာ ဖြစ်တယ်။

♦ ကာကွယ်ရေးဝန်းကြီးလဲဘဲ ကာကွယ်ရေးဦးစီးချုပ်ကဘဲ ခန့်အပ်ပေးမယ်။

♦ စစ်တပ်ကလာတဲ့ သမတကဘဲ အစိုးရရဲ့ဘဏ္ဍာရေးစီမံချက်၊ ရသုံးဘတ်ဂျတ်ငွေအားလုံးကို ခန့်ခွဲချမှတ်တဲ့အခွင့်အာဏာကို ချုပ်ကိုင်ထားတယ်။

♦ စစ်တပ်ဟာ အစိုးရလက်အောက်ခံမဟုတ်။ သူ့ဟာသူသီးခြားရပ်တည်မယ်။

♦ အခြေခံဥပဒေပြင်ဆင်ချင်တယ်ဆိုရင်–စစ်တပ်က သဘောတူမှ ပြင်နိုင်တယ်။ စစ်တပ်ကမီးစိမ်းမပြရင် ဘာမှ မလုပ်နိုင်ဘူး။

***“သူ့ကိုထောက်ခံလိုက်ရင်***
***နအဖဟာ ဥပဒေကြောင်းအရ တရားဝင်***
***မင်းဆိုးမင်းညစ်ဖြစ်သွားမယ်။***
***သူဦးဆောင်ရေးဆွဲတဲ့ သူ့ဖွဲ့စည်းပုံကို***
***ပြည်သူတွေ***
***လက်ခံအသိအမှတ်ပြုလိုက်လို့ဖြစ်တယ်။***
***ကမ္ဘာကလဲ သူ့ကိုရှုတ်ချသတိပေးတာတွေ***
***မလုပ်နိုင်တော့ဘူး။***

***သူ့ကိုမထောက်ခံရင်***
***နအဖဟာဥပဒေကြောင်းနဲ့ မညီညွတ်တဲ့***
***တရားမဝင် မင်းဆိုးမင်းညစ်ဘဲဆက်ဖြစ်မယ်။***
***သူဦးဆောင်ရေးဆွဲတဲ့ သူ့ဖွဲ့စည်းပုံကို***
***ပြည်သူတွေဆန့်ကျင်ကန့်ကွက်လို့ဖြစ်တယ်။***
***သူ လက်လွန်ခြေလွန်ဖြစ်လာရင်***
***ကမ္ဘာကလဲသတိပေး ရှုတ်ချနိုင်တယ်၊***
***အရေးယူနိုင်တယ်”***

ဒီအဓိကကျတဲ့အချက်တွေအပြင် စစ်တပ်အုပ်ချုပ်ရေးကို ကျားကန်ပေးထားတဲ့ အခြားအချက်တွေလဲရှိပါသေးတယ်။ အဲဒါကြောင့် ၁၉၉၃–၉၆ အမျိုးသားညီလာခံတုံးကရော၊ ၂၀၀၄–၂၀၀၇ ညောင်နှစ်ပင်တုံးကရော ဖွဲ့စည်းပုံရဲ့အခြေခံမူဖြစ်လာမဲ့ အချက် ၁–၅ အတိုင်းအကောင်အထည်ဖော်နိုင်အောင် ဘယ်လိုဘယ်ပုံလုပ်သင့်တယ်ဆိုတာကို အပစ်ရပ် ၁၃ ဖွဲ့အပါအဝင် အဖက်ဖက်က အကြံပြုထောက်ပြခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီတင်ပြချက် အဆိုတွေအားလုံးချောင်ထိုးခံရ၊ ပယ်ချခံရတာဘဲအဖတ်တင်တယ်။ တချို့ဆိုရင်အဖမ်းခံရ နှစ်ရှည်ထောင်ကျခံရတာတွေရှိတယ်ဆိုတာ အားလုံးအသိပါ။

အခုလဲဘဲ ဖွဲ့စည်းပုံ တဖက်သတ်ရေးဆွဲပြီးတော့ အဓမ္မနည်းနဲ့ထောက်ခံအတည်ပြုနိုင်အောင် ပြည်သူကိုနည်းလမ်းပေါင်းစုံ လှုံ့ဆော်စည်းရုံးမက်လုံးပေး – အကြပ်ကိုင်ခြိမ်းခြောက်လာတယ်။ တိုင်းရင်းသားလူထုကတော့ အခြေခံဥပဒေအကြောင်း သိရှိနားလည် ဖို့မပြောနဲ့။ အဲဒီဖွဲ့စည်းပုံဟာ ဖုတ်လေတဲ့ငါးပိပမာ – ဘယ်သူဘယ်ဝါမှ မမြင်ဖူးကြပါဘူး။ (ဆန္ဒခံယူပွဲ လက်တကမ်းအလို ၉၊ ၄၊ ၂၀၀၈ နေ့မှာမှ စာအုပ် ၁,၀၀၀ကျပ်နဲ့ ဖြန့်ချိရောင်းချလာတယ်။)

ဒီအဖြစ်သနစ်တွေဟာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားလှပါပြီ။ နအဖဖွဲ့စည်းပုံဟာ ပြည်သူလူထုအကျိုးစီးပွားအတွက် လုံးဝ

မဟုတ်ဘူး။ စစ်အုပ်စုအတွက်၊ စစ်တပ်ထိပ်သီးဗိုလ်ချုပ်ကြီးများရဲ့ အကျိုးစီးပွားအတွက် သက်သက်ဖြစ်ပါတယ်။

## နအဖဖွဲ့စည်းပုံကို ထောက်ခံဆန့်ကျင်လိုက်ရင် ပြည်သူအတွက် ဗမာစစ်တပ်အတွက် ဘာဖြစ်ဘလာမလဲ။

သူများနိုင်ငံမှာ အခြေခံဥပဒေရေးဆွဲပုံ ရေးဆွဲနည်းတွေရှိကြပါတယ်။ ထိုင်းဖွဲ့စည်းပုံကို အနီးဆုံး လွယ်ကူစွာတွေ့နိုင်တယ်။

● ၁၉၉၇ ဖွဲ့စည်းပုံကိုရေးဆွဲဖို့ ပြည်သူလူထုက ရေးဆွဲရေးကော်မရှင်ကိုရွေးကောက်တင်မြှောက်တယ်။ ပညာရှင်တွေအပါအဝင် လူထုထဲကလဲအဖက်ဖက်အကျိုးရှိစေဖို့အတွက် ဘာအချက်တွေပါသင့်တယ်ဆိုတာတွေကို ဝိုင်းဝန်းထောက်ပြကြတယ်။ ရေးဆွဲရေးကော်မရှင်ရဲ့ သဘောတူဆုံးဖြတ်ချက်နဲ့ အတည်ပြု ပြဌာန်းခဲ့တယ်။

● ၂၀၀၇ ဖွဲ့စည်းပုံမှာ အာဏာသိမ်းအုပ်စုက ရေးဆွဲရေးကော်မရှင်ကို ရွေးခြယ်ခန့်အပ်ပေးပေမဲ့ အဖက်ဖက်ရဲ့ဝေဖန်အကြံပြုမှုကို နားထောင်လက်ခံတယ်။ မူကြမ်းရေးဆွဲပြီးတော့လဲ သန်းနဲ့ချီပုံနှိပ်ထုတ်ဝေပြီး တပြည်လုံးအနှံ့ ရပ်ကွက်ကျေးရွာတိုင်း အိမ်တိုင်းစေ့အခမဲ့ဖြန့်ချိဝေငှတယ်။ ရှင်းလင်းပွဲတွေ နီးနှောဖလှယ်ပွဲတွေပြုလုပ်ပြီးအကျေအလည် ဆွေးနွေးခွင့်ပေးတယ်။ အကောင်းမမြင်ဆန့်ကျင်သူတွေရှိပေမဲ့လဲ ဘာမှအပြစ်ပေး အရေးယူဒဏ်ခတ်တာမရှိဘူး။

နောက်ဆုံးတော့ အဲဒီဖွဲ့စည်းပုံကို လက်ခံ မခံလူထုဆန္ဒခံယူပွဲကျင်းပပေးတယ်။ မလိုလား မနှစ်သက်သူတွေလဲ ရဲရဲဝံ့ဝံ့ ကန့်ကွက်မဲပေးကြတယ်။ ဘာခြိမ်းခြောက်မှုမှမရှိဘူး။ ဘာမှကြောက်စရာမလိုဘဲ မိမိဆန္ဒအတိုင်း လွတ်လပ်စွာထုတ်ဖော်မဲပေးနိုင်တယ်။ ပြည်သူလူထု ၅၀ ရာခိုင်နှုန်းကျော်က ထောက်ခံမဲပေးတော့ အတည်ပြုပြဌာန်းပြီး လက်တွေ့အသုံးပြုလာတယ်။

● ၂၀၀၈ မေလဆန္ဒခံယူပွဲကျင်းပမဲ့ ကနေ့ ကျနော်တို့ တိုင်းပြည်မှာ ကော–ဘာဖြစ်လာမလဲ။ နေရာအတော်များများကနေ နေ့တရုပ သတင်းပို့လာတာတွေ ဆင်တူယိုးမှားချည်းပါ။

★ နအဖ ဖွဲ့စည်းပုံကို ကန့်ကွက်မဲပေးရင် အရေးယူခံရမယ်။ ဘေးဥပါဒ်ဖြစ်မယ်လို့ ပြည်သူတွေခြိမ်းခြောက်ခံနေရတယ်။ ရိုက်နှက်ဖမ်းဆီး ထောင်ချခံရသူတချို့လဲ ရှိနေပြီ။

★ အခြေခံဥပဒေပေါ် ပေါက်ရေးဟာ နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်တယ်လို့(နအဖအာဘော်သတင်းစာတွေ မိုးမွှန်အောင်ဖော်ပြ) ပြောမဲ့ဖွဲ့စည်းပုံရေးဆွဲရာမှာ ပြည်သူတွေ ဘာမှထောက်ပြဝေဖန်အကြံပြုခွင့်မရှိဘူး။ ဝေဖန်ထောက်ပြလဲ ဆန့်ကျင်တယ်၊ ဖျက်လိုဖျက်ဆီးလုပ်တယ်လို့ စွပ်စွဲပြီးအရေးယူတယ်။ နှောင့်ယှက်ဆန့်ကျင်သူကို ထောင်ဒဏ်အနှစ် ၂၀ အထိချနိုင်တယ်လို့ အမိန့်ထုတ်ထားတယ

★ ရပ်ကွက် ကျေးရွာဥက္ကဋ္ဌ၊ ဆယ်အိမ်ရာအိမ်မှူးတွေလဲ ရပ်ရွာလူထု မဖြစ်မနေ ထောက်ခံမဲပေးကြအောင် လှုံ့ဆော်စည်းရုံးဖို့ ဖိအားပေးခံနေရတယ်။ ကန့်ကွက်မဲထဲ့တာတွေ တွေ့ရှိရင် ရပ်ရွာလူကြီးတွေလဲ အရေးယူခံရမယ်လို့ ခြိမ်းခြောက်ထားတယ်။

## ဆန္ဒခံယူပွဲနောက်ပိုင်းဘာဖြစ်မလဲ?

■ ပြည်သူလူထုအများစု ထောက်ခံမဲပေးလိုက်ရင် စစ်တပ်ထိပ်သီးတွေကဘဲ အုပ်ချုပ်သူအရှင်သခင်ဆက်ဖြစ်တယ်။ သူတို့ ဘာလုပ်လုပ်၊ ကျနော်တို့ဘာမှပါးစပ်မဟနိုင်တော့။ သူတို့ဘဲ အုပ်ချုပ်ဘို့တရားဝင်ထောက်ခံလိုက်ပြီကိုး။

အရင်တုန်းကတော့ လူထုကိုဗမာစစ်တပ်က သတ်ဖြတ်ညှင်းဆဲတာတွေလုပ်ရင် လူ့အခွင့်အရေးလုပ်ရှားသူတွေက ပြည်ပကိုထုတ်ပြောနိုင်တယ်။ ကုလသမဂ္ဂ (UN) ကိုတိုင်ကြားနိုင်တယ်။ အနည်းဆုံး နအဖကို သူများသတိပေးရှုပ်ချနိုင်တယ်။

ကျနော်တို့ပြည်သူတွေ နအဖဖွဲ့စည်းပုံကို ထောက်ခံလိုက်ပြီဆိုရင်တော့ တင်ပြတိုင်ကြားဘို့ ခက်ခဲသွားပြီ။ အကြောင်းကတော့ သူတို့ကို ဥပဒေအကြောင်းအရ တရားဝင်ဖြစ်အောင် အသိအမှတ်ပြုလိုက်ပြီကိုး။ လူသတ်ချင်တိုင်းသတ်လို့ရအောင် ခွင့်ပြုလိုက်တာနဲ့တူသွားပြီကိုး။

အခု–အမျိုးသမီးတွေကို သူတို့မုဒိမ်းကျင့်လိုက်တယ်ဆိုပါတော့– သျှမ်းအမျိုးသမီးရေးရာလှုပ်ရှားမှုကွန်ယက် (SWAN)တို့က ကမ္ဘာကိုထုတ်ဖော်တင်ပြနိုင်တယ်။ (UN) ကိုတိုင်ကြားနိုင်တယ်။ အနည်းဆုံး နအဖကို သူများကနှာခေါင်းရှုံ့သတိပေးနိုင်တယ်။

နအဖကို အုပ်ချုပ်သူအစိုးရအဖြစ် တရားဝင်ထောက်ခံလိုက်ပြီဆိုရင်တော့ တပြည်လုံးရှိအမျိုးသမီးတွေအပေါ် သူတို့နောက်ထပ်အကြမ်းဖက် လွန်ကျူးလဲ ဘယ်သူမှဇာဒကမတက်နိုင်တော့ဘူး။ သူတို့ကို တရားဝင်လက်ခံအသိအမှတ်ပြုလိုက်ပြီကိုး။

## ဆန္ဒခံယူပွဲမှာ ဆန့်ကျင်ကန့်ကွက်မဲထဲ့လိုက်ရင်ဘာဖြစ်မလဲ?

နအဖစစ်အုပ်စုကဘဲဆက်ပြီး မင်းမူအုပ်စိုးသွားမယ်။ ပြည်သူတွေက မလိုလားမနှစ်သက်လို့၊ သူ့ကိုရွံရှာမုန်းတီးလွန်းလို့၊ သူအာဏာကနေ ဆင်းပေးမှာမဟုတ်ဘူး။ ဒေါ်စု/ ခွန်ထွန်းဦးတို့ကိုလွှတ်ပြီး နေရာပေးမှာမဟုတ်ပါဘူး။ သူတို့နေရာအစားထိုးပြီး အစိုးရလုပ်ဖို့ ဖိတ်ခေါ်ပန်ကြားမှာမဟုတ်ပါဘူး။

♦ သူတို့အပေါ် ဆန့်ကျင်သူတွေရှိတာကို သူတို့သိရင် အရေးယူခံရမယ်။

♦ ရပ်ရွာလူကြီးတွေ၊ အတိုက်အခံဘက်ရပ်တည်တဲ့လူတွေ ပြစ်ဒဏ်ထိနိုင်တယ်။

♦ နအဖစစ်တပ်ကပြည်သူလူထုအပေါ် အရင်ကလိုဘဲဆက်ပြီးဖိနှိပ်ချုပ်ခြယ်သွားဦးမယ်။ ဘာမှပြောင်းလဲ ထူးခြားလာမှာ မဟုတ်ဘူး။

အဓိပ္ပါယ်ကတော့ ပြည်သူတွေသဘောတူလဲ သူဆက်အုပ်ချုပ်မယ်။ ပြည်သူတွေဆန့်ကျင်လဲ သူဆက်အုပ်ချုပ်မယ်။ အဲဒါကြောင့် *"နအဖ ဆက်ပြီး အာဏာတည်မြဲအုပ်စိုးသွားတာချင်းအတူတူ – သူ့ကို ထောက်ခံမဲ ပေးလိုက်ရင်မကောင်းဘူးလား? အနည်းဆုံးတော့ ခဏတဖြုတ် နားအေးပါးအေးဖြစ်သွားတာပေါ့"* လို့ပြောကောင်းပြောနိုင်ပါတယ်။

- သူ့ကိုထောက်ခံလိုက်ရင် နအဖဟာ ဥပဒေကြောင်းအရ တရားဝင် မင်းဆိုးမင်းညစ်ဖြစ်သွားမယ်။ သူဦးဆောင်ရေးဆွဲတဲ့ သူ့ဖွဲ့စည်းပုံကို ပြည်သူတွေ လက်ခံအသိအမှတ်ပြုလိုက်လို့ဖြစ်တယ်။ ကမ္ဘာကလဲ သူ့ကိုရှုတ်ချသတိပေးတာတွေ မလုပ်နိုင်တော့ဘူး။

- သူ့ကိုမထောက်ခံရင် နအဖဟာဥပဒေကြောင်းနဲ့ မညီညွတ်တဲ့ တရားမဝင် မင်းဆိုးမင်းညစ်ဘဲဆက်ဖြစ်မယ်။ သူဦးဆောင်ရေးဆွဲတဲ့ သူ့ဖွဲ့စည်းပုံကို ပြည်သူတွေဆန့်ကျင်ကန့်ကွက်လို့ဖြစ်တယ်။ သူ လက်လွှန်ခြေလွန်ဖြစ်လာရင် ကမ္ဘာကလဲသတိပေး ရှုတ်ချနိုင်တယ်၊ အရေးယူနိုင်တယ်။

### ရွေးခြယ်ရာလမ်း

မျက်မှောက်ကာလအဖို့ ပြည်တွင်း ပြည်ပမဲပေးခွင့်ရှိသူ လူထု တစ်ရပ်လုံးအဖို့ ရွေးခြယ်စရာ ၃ လမ်းရှိတယ်။
ဆန္ဒခံယူပွဲလုံးဝမသွားဘဲ သပိတ်မှောက်ဆန့်ကျင်
မလား?

- နအဖ(ရန်သူမျိုး ၁ ပါး)အန္တရာယ်ကင်းဝေးအောင်(ကိုယ်လွတ်ရုန်း ရှောင်ကွင်းနိုင်ဖို့) ထောက်ခံမဲပေးမလား?
- ဘာဘဲဖြစ်ဖြစ်မဟုတ်မခံအာဂသတ္တိနဲ့ ကန့်ကွက်မဲပေးမလား?

**သျှမ်းသံတော်ဆင့်**အနေနဲ့ ဆန္ဒခံယူပွဲသွားပြီး မဲပေးကြဖို့ အကြံပြုလိုတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံဆိုတာ တိုင်းပြည်ရဲ့အမြင့်ဆုံး အခြေခံဥပဒေဖြစ်လို့ နိုင်ငံသားတိုင်းအတွက် မိမိဆန္ဒကို ပြတ်ပြတ် သားသား ထုတ်ဖေါ်သင့်တယ်လို့ မြင်တယ်။

ထောက်ခံမဲထည့်မလား?၊ ကန့်ကွက်မဲထည့်မလား? ဆိုတာ ကတော့ တစ်ဦးချင်းစီရဲ့စိတ်နှလုံးထဲမှာ အကြီးအကျယ် ယှဉ်ပြိုင်တိုက် ခိုက်ရမဲ့ တိုက်ပွဲကြီးဖြစ်တယ်။ *"သူများဘာလုပ်ချင်လုပ်၊ မတရားမှုကို ငါလက်မခံနိုင်၊ အလျှော့ပေး အသိအမှတ်မပြုနိုင်"* လို့ ခံယူဆုံးဖြတ်သူ ဖြစ်ရင်တော့ ကန့်ကွက်မဲထဲ့မှာပါ။

*"သူတို့လက်ခုပ်ထဲကရေဘဲ၊ ဘေးဥပါဒ်ရှောင် ကိုယ်လွတ်ရုန်း ထားမှ တော်ရာကျမယ်"* လို့ တွက်ဆသူဆိုရင်တော့ ထောက်ခံမဲထဲ့ မှာဘဲ။

**အမှန်တရားရှေ့ရှုမှု၊ တရားသောဖက်ရပ်တည်မှု**ကိုသွန်သင်ညွှန်ပြ တဲ့ သာသနာအသီးသီးရဲ့ အဆုံးအမအတိုင်း စဉ်းစားပိုင်းခြားတတ်တဲ့ စိတ်ဆုံးဖြတ်ချက်များချနိုင်ကြပါစေလို့ တိုက်တွန်းအားပေးလိုပါတယ်။

အထူးသတိချပ်စေချင်တာကတော့ ဆန့်ကျင် ကန့်ကွက်မဲထဲ့ဖို့ ဆုံးဖြတ်ပြင်ဆင်ထားပြီးရင် လာမဲ့ဘေးပြေးတွေ့ ဖြေရှင်းနိုင်ကြလိမ့် မယ်။ လာမဲ့ဘေး ရှောင်ပြေး လွှန်မြောက်နိုင်ကြလိမ့်မယ်။ အန္တရာယ်ကို ရင်ဆိုင်ကျော်လွှား နိုင်ကြလိမ့်မယ်လို့ – ယုံကြည်မျှော်လင့်ပါတယ်။

**သျှမ်းသံတော်ဆင့်** ( 9/4/08)

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံသားတွေရဲ့ အခြေခံအခွင့် အရေးတွေကိုအားကောင်းကောင်းနဲ့ အာမခံပြဌာန်းပေး ထားတာဖြစ်တယ်။ နောက်တချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ တိုင်းပြည်ရဲ့ပင်မဥပဒေဖြစ်တယ်။ အဲဒီဥပဒေကနေ ဥပဒေစိုးမိုး ရေးအခြေခံ တည်ဆောက်နိုင်ဖို့ တန်းတူညီမျှမှုကို အာမခံရပါတယ်။ အဲဒီတော့ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံသားတွေရဲ့အခွင့် အရေးကိုပြဌာန်းရုံနဲ့မရဘဲနဲ့ အဲဒီအခွင့်အရေးကို ကာကွယ်နိုင်ဖို့ အတွက် ယန္တရားတွေတပ်ဆင်ထားပေးရတယ်။ အနည်းဆုံးတော့ နိုင်ငံသားတွေရဲ့ အခွင့်အရေးကိုထိပါးလာရင် ကာကွယ်စောင့်ရှောက် နိုင်မဲ့ လွတ်လပ်တဲ့တရားစီရင်ရေးကို အားကောင်းတဲ့ တရားစီရေးမျိုး ပြဌာန်းပေးရတယ်။ ဒီလိုအခြေခံမျိုးနဲ့ ပြင်ဆင်ပြဌာန်း ပေးထားတဲ့ အရာမျိုးမှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေလို့ခေါ် ပါတယ်။

စစ်မှန်တဲ့ဖွဲ့စည်းပုံအခြေခံတရပ်ပေါ်လာပြီဆိုရင် တိုင်းပြည် တပြည်မှာ တည်ဆဲဥပဒေရှိတယ်။ အဲဒီတည်ဆဲဥပဒေတွေဟာ နိုင်ငံသားတိုင်းရဲ့ အခွင့်အရေးတွေကို ဆန့်ကျင်တဲ့ဥပဒေမျိုးဖြစ်တယ် ဆိုရင် ဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေပေါ်လာတဲ့အချိန်မှာ အားလုံးကိုပယ်ဖျက်ပေးရတယ်။ တချိန်ထဲမှာ နောက်ထပ် ဥပဒေသစ်ပြဌာန်းတော့မယ်ဆိုရင် ဒီဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ အာမခံပြဌာန်းပေးထားတဲ့ နိုင်ငံသားတွေရဲ့ အခွင့်အရေးကို ဖေါ်ဆောင်တဲ့ ဥပဒေမျိုးသာလျှင် ဆက်လက်ပြဌာန်းရတာဖြစ်တယ်။ ဒါကြောင့်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ပင်မ အသက် သွေးကြောအဖြစ် နိုင်ငံသားတွေရဲ့အခွင့်အရေးကို (တောက် လျှောက်နောက်ထပ်ပေါ်လာတဲ့ ဥပဒေတွေက) ကာကွယ်စောင့် ရှောက် ပေးရေးအခြေခံကအစ အင်မတန်အရေးကြီးပါတယ်။

ကိုယ့်နိုင်ငံရဲ့ အနာဂတ်ကိုကိုယ်တိုင်နဲ့ ကိုယ့်ရဲ့သားစဉ်မြေး ဆက် အနာဂတ်ကိုပုံဖေါ်မဲ့စည်းမျဉ်းစည်းကမ်းနဲ့ လုပ်ငန်းစဉ်တွေကို ထည့်သွင်းရေးဆွဲရတာဖြစ်လို့ အထူးဘဲ အရေးကြီးလှပါတယ်။ ဒါကြောင့်မို့ပြည်သူလူထုအနေနဲ့ ကိုယ့်ရဲ့ဆန္ဒသဘောထားကို မဖေါ်ထုတ်ခင် ဒီအခြေခံဖွဲ့စည်းပုံ ဘယ်လိုရေးဆွဲထားတယ်၊ ဘာ တွေပါတယ်ဆိုတာ အသေအချာလေ့လာဖို့လိုပါတယ်။

မြန်မာရှေ့နေများကောင်စီ BLC
အထွေထွေ အတွင်းရေးမှူး
ဥပဒေပညာရှင်ဦးအောင်ထူး
BBC 10/04/08

# နန်းချမ်တောင်းအား နန်းခမ်းထွေးအင်တာဗျူး

ဧပြီလ ၇ ရက်မှာ နိုင်ငံတကာအမျိုးသမီးအဖွဲ့တစ်ခုမှ ချီးမြှင့်မည့်ဆုကို မြန်မာအမျိုးသမီးထု ကိုယ်စားလက်ခံရယူရန် ဝါရှင်တန်ဒီစီရောက် တိုင်းရင်းသူ သျှမ်းအမျိုးသမီးနန်းချမ်တောင်းအား နန်းခမ်းထွေးတွေ့ဆုံမေးမြန်းချက်။

## ပြည်တွင်းမှာမွေးဖွားခဲ့ပေမဲ့ ဗမာစကားမတတ်တာက?

ကျမကို သျှမ်းပြည်အလယ်ပိုင်းမှာ မွေးခဲ့ပါတယ်။ ဗမာအစိုးရတပ်တွေ အဆက်မပြတ်တိုက်နေတာမို့ တချိန်လုံးနေရာရွှေ့ပြောင်းနေခဲ့ရတာပါ။ စစ်တပ်က ရွာသားတွေကို တိုက်ခိုက်အနိုင်ကျင့်နေတော့ နောက်ဆုံး ဘယ်လိုမှနေလို့မရတဲ့အဆုံး ကျမမိသားစုက ကျမတို့ရဲ့လုံခြုံရေးကိုစိုးရိမ်ပြီး ကျမ ၆ နှစ်သမီးအရွယ်မှာထိုင်းနယ်စပ်က ရွာတစ်ရွာကိုပို့လိုက်ပါတယ်။ အဲဒီရွာက မိဘမဲ့ခလေးဂေဟာမှာ ကျမကြီးပြင်းခဲ့ပါတယ်။ အဲဒီပတ်ဝန်းကျင်မှာ ဗမာစကားသင်ဖို့အခြေအနေမရှိသလို ဗမာစကားကိုလဲမသုံးတဲ့အတွက် ကျမဗမာစကားမတတ်ပါဘူး။

## နယ်စပ်မှာအမျိုးသမီးအခွင့်အရေး၊ လူ့အခွင့်အရေးတွေအတွက်တစိုက်မတ်မတ် ကူညီဆောင်ရွက်ပေးနေရတာက?

အဲဒီမိဘမဲ့ခလေးဂေဟာမှာနေခဲ့ရတဲ့ တချိန်လုံးမှာ ဘာကြောင့်ကျမမိသားစုနဲ့ နေခွင့်မရတာလဲ? ဘာကြောင့်တကွဲတပြား ဖြစ်ခဲ့ရတာလဲဆိုတာ အကြိမ်ကြိမ်တွေးမိပါတယ်။ ဒီမိဘမဲ့ခလေး ဂေဟာဟာ နယ်စပ်ကရွာဖြစ်တယ်ဆိုတော့ ပြည်တွင်းကထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို နေ့စဉ်နဲ့အမျှတွေ့မြင်ခဲ့ရပါတယ်။ သူတို့ဆီကကြားရတဲ့သတင်းတွေကလဲ အထူးအဆန်းမဟုတ်သလိုဖြစ်နေပါတယ်။ စစ်တပ်ကအနိုင်ကျင့်တာတွေ မုဒိမ်းကျင့်တာတွေလယ်ယာမြေအသိမ်းခံရတာတွေ အဲဒီအကြောင်းတွေကိုဘဲ အဖန်တလဲလဲကြား နေရပါတယ်။ နှစ်ပေါင်း ၅၀ ကျော်ရှိပါပြီ။ ဒီဒုက္ခတွေရပ်တန်း ကရပ်သင့်ပါပြီ။ ရောက်လာတဲ့ ဒုက္ခသည်တွေထဲမှာ (အထူးသဖြင့်သျှမ်းလူမျိုးတွေဟာ) ထိုင်းနိုင်ငံဒုက္ခသည်စခန်းတွေမှာ နေခွင့်မရတဲ့အတွက်အင်မတန် ဒုက္ခရောက်ပါတယ်။ စားစရာနေစရာနေရာမရှိ ပညာသင်ကြားခွင့်မရတဲ့ အပြင်ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမခံရတဲ့အတွက်ဥပဒေရဲ့အကာအကွယ်လဲမရကြပါဘူး။ ဒါကြောင့်ကျမတို့ တတ်အားသ၍ သူတို့ကိုကူညီရတာပါ။

## ဘယ်လိုစီမံချက်တွေနဲ့ ကူညီနေပါသလဲ?

ကျမရဲ့တနေ့တာလုပ်ငန်းကတော့ ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမခံရတဲ့ ထိုင်းနိုင်ငံရောက် သျှမ်းပြည်ကအမျိုးသမီးတွေကို အထူးသဖြင့် အကူအညီပေးပါတယ်။ အခုဆို ရင်ကျောင်း ၁၄ ကျောင်းဖွင့်ပြီး ဒီဒုက္ခသည်တွေရဲ့ခလေး ၂၀၀၀ လောက်ကို ကျမတို့ **SWAN** အဖွဲ့က အခြေခံပညာသင်ကြားပေးနေပါပြီ။ အဲဒီမှာခလေးတွေအတွက် အစားအစာကျောင်းသုံးစာအုပ်စာတမ်း၊ ဖယောင်းတိုင်တွေ ဝေပေးပါတယ်။မိဘမဲ့ ခလေးဂေဟာ ၄ ခုလဲဖွင့်ထားပါတယ်။ ဒါ့အပြင်အမျိုးသမီးတွေအတွက် ကျန်းမာရေးဆွေးနွေးအကြံပေးတဲ့ အစီအစဉ်တွေလဲလုပ်ဆောင်နေပါတယ်။ တချိန်ထဲမှာဘဲသူတို့တွေ့ကြုံခဲ့ရတဲ့ စစ်အစိုးရရဲ့လူ့အခွင့်အရေးချိုး ဖောက်မှုတွေကို ကျမတို့မှတ်တမ်းပြုပါတယ်။ နယ်စပ်မှာနေထိုင်ကြတဲ့ လူထုကြားမှာလဲအမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုနဲ့ပတ်သက်ပြီးတော့လဲပညာပေးပါတယ်။ ကျမကိုယ်တိုင်လဲလူငယ်တွေကို ဦးဆောင်မှုပေးနိုင်ဖို့ ခေါင်းဆောင်မှု သင်တန်းကျောင်းတစ်ခုဖွင့်ပြီး အသက် ၁၈ နှစ်နဲ့ ၂၅ နှစ်ကြား လူငယ်တွေကိုပညာသင်ပေးနေပါတယ်။ ဒီသင်တန်းမှာ သူတို့ရဲ့လူမှုအဖွဲ့အစည်း တိုးတက်လာအောင် ဘာတွေလုပ်ပေးနိုင်သလဲ၊ ဘယ်လိုပါဝင်ဆောင်ရွက်သင့်သလဲဆိုတာတွေကိုအဓိကပို့ချပါတယ်။ ကျမတို့ရည်ရွယ်ချက်ကတော့ အနာဂါတ်မြန်မာပြည် နိုင်ငံရေးလူမှုရေး အပြောင်းအလဲတွေမှာ လူငယ်တွေဒီထက်ပိုပြီး ပါဝင်လာဖို့ပါဘဲ။

မြန်မာအမျိုးသမီးထုကိုယ်စား *Vital Voices* ၂၀၀၈ အတွက် ကမ္ဘာနဲ့အဝှမ်းအမျိုးသမီးတွေကို ဦးဆောင်မှုပြုနေတဲ့အမျိုးသမီးတွေကိုချီးမြှင့်တဲ့ဆုဖြစ်ပါတယ်။ မြန်မာအမျိုးသမီးတွေကိုကိုယ်စားပြုသူနှစ်ယောက်ကတော့ နန်းချမ်တောင်းနဲ့ မဥမ္မာခင်တို့ဖြစ်ပါတယ်။ ဒီဆုကို ထင်ရှားတဲ့အမျိုးသမီး ၃ ဦးနဲ့ သမ္မတကတော် မစ္စစ်လော်ရာဘုသျှ်တို့က ချီးမြှင့်ပါတယ်။

## ဧပြီ ၇ တနင်္လာနေ့မှာ ဂုဏ်ထူးဆောင်အမျိုးသမီးတွေကို ဆုပေးပါတယ်။ တခြားဆုရှင်တွေကို အမျိုးသမီးခေါင်းဆောင်တချို့က ဆုချီးမြှင့်ပြီး နန်းချမ်တောင်းကိုတော့ အမေရိကန်သမ္မတကတော်ကိုယ် တိုင်ဆုချီးမြှင့်တယ်လို့ကြားသိရပါတယ်။ နန်းချမ်တောင်း ဘယ်လိုခံစား ရပါသလဲ?

အမျိုးသမီးအရေးနဲ့ပတ်သက်ရင် သမ္မတကတော် မစ္စစ်ဘုသျှ်ဟာ အင်မတန်ပံ့ပိုးခဲ့သလို ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာအမျိုးသမီးတွေ ရင်ဆိုင်နေရတဲ့ ဖိနှိပ်မှုတွေအကြောင်းလည်းအခွင့်သာတိုင်း မကြာမကြာဆိုသလို ထုတ်ဖော်ပြောဆိုခဲ့တာပါ။ မြန်မာနိုင်ငံက အမျိုးသမီးတွေရဲ့ ရဲရင့်တဲ့လုပ်ဆောင်ချက်တွေကို ကမ္ဘာကမျက်မြင်တွေ့ခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်စက်တင်ဘာ အရေးအခင်းမှာလည်း သီလရှင်တွေအပါအဝင်အမျိုးသမီးထုဟာပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ နောက်ပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြောင်းလဲဖို့အတွက် အမျိုးသမီးတွေဟာ နေရာအမျိုးမျိုး အဆင့်အမျိုးမျိုးက ပါဝင်လှုပ်ရှားခဲ့ရတာပါ။ Vital Voices အဖွဲ့က နေအိမ်အကျယ်ချုပ်ကျခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဂုဏ်ပြုချင်ပါတယ်။ ဒါကြောင့်ဒီဆုဟာ မြန်မာနိုင်ငံထဲက ဒီမိုကရေစီရေးလူ့အခွင့်အရေးအတွက် ရဲရဲဝံ့ဝံ့လုပ်ဆောင်နေကြတဲ့ အမျိုးသမီးထု တစ်ရပ်လုံး နယ်စပ်ဒေသတွေမှာလှုပ်ရှားနေကြတဲ့ အမျိုးသမီးတွေအားလုံးကို ရည်ရွယ်ပြီးချီးမြှင့်တဲ့ဆုဖြစ်ပါတယ်။ မြန်မာနိုင်ငံက အမျိုးသမီးတွေကို ကမ္ဘာကမမေ့ဘူးဆိုတာပြလိုက်တာပါဘဲ။




**နန်းချမ်တောင်း နှင့် အမေရိကန်သမ္မတကတော်လော်ရာဘုရှ်**

### ဆုပေးပွဲမှာ ဘာတွေများပြောဖို့ ပြင်ဆင်ထားပါသလဲ?

စစ်အစိုးရကို ဒီ့ထက်ပိုပြီးဖိအားပေးဖို့၊ ရွေးချယ်ချမှတ်ထားတဲ့ စီးပွါးရေးပိတ်ဆို့မှု ဒီ့ထက်ပိုပြီးပြုလုပ်ပေးဖို့၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေမပါဝင်တဲ့ စစ်အစိုးရရဲ့အခြေခံဥပဒေမူကြမ်း ဆန္ဒခံယူပွဲကိုအသိအမှတ်မပြုဖို့၊ ဒါတွေကိုပြောသွားပါမယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြန်မာ့အရေးထပ်မံဆွေးနွေးဖို့တိုက်တွန်းပါမယ်။ အမေရိကန် ပြည်သူတွေကိုလဲသိစေချင်ပါတယ်။ ကျမတို့တောင်းဆိုနေတဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ဖြစ်မလာသေးပါဘူး။ နိုင်ငံရေးအရလဲ တိုးတက်မှုလုံးဝမရှိသေးပါဘူး။ ပြီးခဲ့တဲ့နှစ် စက်တင်ဘာ အခြေအနေကိုလဲ ကမ္ဘာကသိပြီးပါပြီ။ အဲဒီနောက်ပိုင်းမှာ ငြိမ်သက်သွားသလိုဖြစ်ပေမဲ့ အကောင်းဘက်ကို ဦးတည်တဲ့တိုးတက်မှု တစုံတခုမှမရှိသေးဘူးဆိုတာ သိစေချင်ပါတယ်။

### ရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်း နယ်စပ်အခြေအနေ–

ထူးခြားတာကတော့ဒီထဲမှာ သံဃာတော်တွေပါဝင်လာတဲ့အချက်ပါဘဲ။ ထိုင်းဗမာနယ်စပ်က ကီလိုမီတာ ၂၀၀၀ လောက်ရှည်တော့ နယ်စပ်ဖြတ်တဲ့နေရာကလဲအတော်များပါတယ်။ ဒီထဲက တစ်နေရာလောက်ကိုကျမတို့ လေ့လာမှတ်တမ်းပြုတော့ တစ်လထဲမှာတင် ဒုက္ခသည် ၁၀၀၀ ကျော် ဝင်လာတာတွေ့ရပါတယ်။

*RFA 11 show* **အစီအစဉ်**
6/04/2008

❑❑❑




**2008 လိူၼ်မေႊ–ထိသိပ်း ၽႂ်တေလိပ်း–ၽႂ်တေတၢႆ**
**သၢင်ၶမ်ၼေႃးၽီလူးၵေႃႈလၢင်ႈမီး**

2008 မေ 10 ရက် ဘယ်သူ့အတွက် သေနေ့ ရှင်နေ့လဲ?
ဘီလူးကဘဲ အာခေါင်တစ်မှာလား?




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org